# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၁၅) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း ၂ ရက်၊ ၇-၇-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ချင်းတောင် ဇူလိုင် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းတုန်းပြည်နယ် ချင်းတောင်မြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန စာမျက်နှာ ၃ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ချင်းတောင်မြို့နီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စလင်ပင်းနှင့် တာဝန်ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။




## ယနေ့ ဖတ်စရာအညွှန်း

ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ရက်ပိုင်းအတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ဟု ခန့်မှန်း

စာမျက်နှာ ၁၃

---

စက်သုံးဆီ 92,95 Ron ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာ

စာမျက်နှာ ၁၅

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေး ဆောင်ရွက်လျက်ရှိ

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်သည်။

နေပြည်တော်နည်းပညာတက္ကသိုလ် ၁ ခုတည်းဖြင့် ပြည့်စုံလုံလောက်မှုမရှိဟု ယူဆသည့်အတွက် Naypyitaw State Polytechnic University အသစ်တည်ဆောက်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြင်တွေ့ရသည့်အတိုင်း လာမည့်ပညာသင်နှစ်တွင် Naypyitaw State Polytechnic University အဖြစ် အင်ဂျင်နီယာဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားနိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည် သာယာလှပသည့် ပရဝုဏ်ဖြစ်စေရေး၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတု သာယာမျှတစေရေး၊ သစ်ပင်သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးနှင့် တီထွင်ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖန်တီးနိုင်စေရေး ဆိုသည့် ရည်ရွယ်ချက်များဖြင့် ယခုသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University ပရိဝုဏ်အတွင်း၌ ကျင်းပသည့် နေပြည်တော်၊ ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေးတို့အတွက် သစ်ပင်သစ်တောများသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ သစ်တောများကို စိုက်ပျိုးပြုစုထိန်းသိမ်းကြရာတွင် ယနေ့ခေတ် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အကျိုးရှိအောင် ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်ပြီး နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်တောအခြေပြုနည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးလာခြင်းကြောင့် ပလတ်စတစ်သုံးစွဲမှုအစား ဇီဝဖြစ်စဉ်အတိုင်း ဆွေးမြေ့နိုင်သည့် (Biodegradable) သစ်တောထွက်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်း၊ လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဘက်ထရီများတွင်ပါရှိသည့် မြေရှားသတ္တုများနေရာတွင် သစ်တောထွက် ဓာတုဓာတ်ပေါင်းများဖြင့် အစားထိုးလာနိုင်ခြင်း၊ ကမ္ဘာ့အဝတ် အထည်စက်ရုံများအတွက် သစ်ပင်၊ ဝါးပင်များမှ ထုတ်လုပ်သည့် ချည်မျှင်ရှည် (Long Fiber) များ အသုံးပြုလာနိုင်ခြင်း စသည့် တီထွင်ဆန်းသစ်အောင်မြင်မှုများကို တွေ့မြင်နိုင်ကြောင်း၊ ထို့အပြင် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် သစ်တောထွက်ပစ္စည်းများကို ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များအပါအဝင် လူသားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးတို့အတွက် ရေရှည်ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သစ်တောကဏ္ဍတွင် မျိုးကောင်းမျိုးသန့်ပျိုးပင်များ ထုတ်လုပ်ရေး၊ ရေဝေရေလဲဒေသစီမံအုပ်ချုပ်ရေး၊ သစ်ပင်သစ်တောများ နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရေနှင့် မြေဆီလွှာများ ထိန်းသိမ်းရေး စသည့် လုပ်ငန်းနယ်ပယ်များတွင် Environmental Engineering ပညာသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောသယံဇာတများအပါအဝင် နိုင်ငံ၏ သဘာဝသယံဇာတများကို ခေတ်မီသည့် သိပ္ပံနှင့် နည်းပညာတီထွင်မှုများဖြင့် ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးချနိုင်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

၀-၀-၀-၀-၀



## ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲ ဖြေဆို

မန္တလေး ဇူလိုင် ၆

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား မဟာဓေယျာဘုံရပ်ကွက် စလင်းဝိဘဒ္ဓဝါဒီကျောင်း ပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယက၊ နိုင်ငံတော်သံဃဗဟိုဉ်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ မဟာထေရ်မြတ် ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါပညာရှင် ရွေးချယ်ရေးစာမေးပွဲ ဖြေဆိုခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက အဆိုပါကျောင်း အဆောင် (၄)တွင် ကျင်းပသည်။

ကစ္စည်းသဒ္ဒါကျမ်းသည် စနစ်တကျသင်ယူခဲ့သော် စာချတန်းနားလည်ရန်နှင့် ပါဠိစာပေကျွမ်းကျင်စွာသင်ယူတတ်မြောက်နိုင်ရန်အတွက် အကောင်းဆုံး ကျမ်းတစ်စောင်ဖြစ်သည်ကို အတွေ့အကြုံအရ သိရှိရပါတယ်၊ သကျသီဟခေါ် ပရိယတ္တိသာသနဟိတစာမေးပွဲ စာသင်တန်းအောင်ပြီး စာချတန်းစာများ လေ့လာသောအခါ၌ အခြေခံနည်း၍ ခက်ခက်ခဲခဲလုပ်ခဲ့ရသော်လည်း အနည်းငယ်သော သဒ္ဒါအခြေခံကြောင့် တဖြည်းဖြည်းစာချတန်းများကို နားလည်းသဘောပေါက်လာတယ်၊ နားလည်လာတဲ့အခါ မြန်မာပြည်အရပ်ရပ်၌ စာသင်တိုက်တော်တော်များများ စာချတန်းနားလည်နိုင်စွမ်းရှိအောင် သဒ္ဒါအခြေခံခိုင်ခိုင်ခံ့ခံ့လုပ်မပေးနိုင်သည်ကို သိမြင်လာ၍ သိသည်နှင့်အမျှ မိမိတပည့်များကို သဒ္ဒါအခြေခံခိုင်ခံ့ရေး အမြဲသတိထားကြိုးပမ်းလာတယ်၊ ဒါကြောင့် ယခုခေတ် စာသင်သားများ စာချတန်းများ လွယ်လွယ်ကူကူနားလည်နိုင်စေရန်၊ ပါဠိစာပေကို ပညာရှင်အနေဖြင့် တတ်မြောက်နိုင်စေရန်၊ ကစ္စည်းသဒ္ဒါကျမ်းမပျောက်ကွယ်ရန် ရည်သန်၍ "ပါဠိသဒ္ဒါ ပညာရှင်ရွေးချယ်ရေးစာမေးပွဲ" ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

စာမေးပွဲတွင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်များ အဆင့်ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက် အကြိမ်များစွာ ဖြေဆိုခွင့်ပြုထားပြီး ပထမအကြိမ်အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယအဆင့်အောင်မြင်ပါက "ကစ္စာယနဗျာကရဏကပဏ္ဍိတ" ဘွဲ့တံဆိပ်ဆက်ကပ်သွားမည်ဖြစ်သည်။

၁၃၈၆ ခုနှစ် နယုန်လကွယ်နေ့ နံနက် ၇ နာရီက ကျင်းပသော စာမေးပွဲ၌ ပထမဆင့် (၅၄)ပါး၊ ဒုတိယဆင့် (၂၈)ပါး၊ တတိယဆင့် (၁၀)ပါး၊ အကြိုတန်း (၂၃)ပါး၊ စုစုပေါင်း(၁၁၅)ပါးတို့က ရတနာစိန်စည်ကျောင်း (ရန်ကုန်)၊ ရေလည်ကျွေ့ကျောင်း (ပျော်ဘွယ်)၊ မစိုးရိမ်တိုက်သစ်၊ မြတောင်ကျောင်း၊ ဇမ္ဗူသီရိကျောင်း၊ သာဒနောဒယကျောင်း၊ မစိုးရိမ်တိုက်သစ်(စက်မှု-၂)နှင့် စလင်း ဝိဘဇ္ဇဝါဒီစာသင်တိုက်တို့မှ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၆



မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်း၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဆွေ (နိုင်စေရ-မန်းတက္ကသိုလ်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကို အလှည့်ကျ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အသင်းဝင်အသစ်များဖြစ်သည့် နေနွယ်(ဆင်ရွာမြေ)၊ ဆရာမြင့်သိန်း(စက်ရိပ်)တို့အား မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်တို့အား ပေးအပ်ခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဆရာစောနန်းမြေအောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးရန်ရှင်းနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(ဝ၉၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☼ ရှေ့ဖုံးမှ



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ တပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဒေသ စံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ် မစ္စတာ ကျန်းရှစ်ကျင်း (Mr.Zhang Shijin)၊ ကူမင်း ကောင်စစ်ဝန်ချုပ်ဦးသွင်ထက်လင်း နှင့် တာဝန်ရှိသူများက ကူမင်း လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ကူမင်း မြို့သို့ ရောက်ရှိစဉ် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်းဟောင်(Mr.Wang Hao) က အပြည်ပြည် ဆိုင် ရာလေဆိပ် အထူးဧည့်ခန်းမ၌ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ် အဖွဲ့သည် လေကြောင်းခရီးဖြင့် ဆက်လက် ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ချင်းတောင်မြို့သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ချင်းတောင် မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ် ပါတီ ဒုတိယအထွေထွေအတွင်းရေး မှူးချုပ် မစ္စလင်ပင်းနှင့် တာဝန် ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### မော်တော်ယာဉ်များဖြင့်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်လေဆိပ်မှ မော်တော် ယာဉ်များဖြင့် ထွက်ခွာရာ တည်းခို မည့် Qingdao Sea View Garden ဟိုတယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့်အတူ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ အဖွဲ့ဝင် အဖြစ်လိုက်ပါသွားကြသည်။

**သတင်းစဉ်**

## တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ် ရေးမှူး မစ္စတာဝမ်းဟောင် (Mr.Wang Hao)က အပြည်ပြည် ဆိုင်ရာလေဆိပ် အထူး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးကျန်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ Nyingchi မြို့၌ ကျင်းပသည့် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက် ညနေပိုင်းတွင် ကူမင်းမြို့သို့ ရောက်ရှိရာ ဆစ်ဆောင် ပါးနား အပူပိုင်းရုက္ခဗေဒဥယျာဉ်(Xishuangbanna Tropical Botanical Garden-XTBG) ညွှန်ကြား ရေးမှူးချုပ် Prof. Dr. Yang Yongping ၊ ကူမင်း ရုက္ခဗေဒဥယျာဉ် (Kunming Institute of Botany-KIB) Prof. Dr. Yang Xuefei နှင့် မြန်မာကျောင်းသား များက လာရောက်ကြိုဆိုကြကာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး ရေးအတွက် ပညာသင်ဆုများ တိုးမြှင့်ပေးအပ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကူမင်း ရုက္ခဗေဒဥယျာဉ် (Kunming Institute of Botany-KIB)သို့ သွားရောက်လေ့လာရာ ဒုတိယညွှန်ကြား ရေးမှူးချုပ် Dr. Wu Jianqiang နှင့် Prof. Dr. Yang Xuefei တို့က ဥယျာဉ်အတွင်း အပင်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားမှုနှင့် အပင်မျိုးစိတ်အသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်မှုအခြေအနေ၊ ကမ္ဘာ့ နေရာဒေသအသီးသီးမှ အပင်မျိုးစိတ်များကို နေရင်းဒေသပြင်ပတွင် ထိန်းသိမ်းပြသဆောင်ရွက် ထားမှု၊ သုတေသန၊ ပညာရေးနှင့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အများပြည်သူ အပန်းဖြေနားနေနိုင်စေရန် ဆောင်ရွက်ထားရှိမှုများ ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုက္ခဗေဒ ဥယျာဉ်အတွင်း စိုက်ပျိုးထိန်းသိမ်းထားသော အပင် မျိုးစိတ်အမျိုးမျိုးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး အသိပညာပေးပြခန်း၌ ပြသထားသော ပြကွက်များ ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ ရုက္ခဗေဒဥယျာဉ်ကို ၁၉၃၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်း ၄၄ ဟက်တာ ကျော်ရှိကာ အပင်မျိုးစိတ် စုစုပေါင်း ၈၄၀၀ ကျော်ကို ထိန်းသိမ်းထားကြောင်းနှင့် နှစ်စဉ် ဧည့်သည် ၇၀၀၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာလျက်ရှိ ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် တရုတ် အကယ်ဒမီသိပ္ပံ (Chinese Academy of Sciences-CAS)၏ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဌာနခွဲများဖြစ် သော ကူမင်းရုက္ခဗေဒဥယျာဉ်(KIB)၊ ကူမင်းသတ္တ ဗေဒဌာန(Kunming Institute of Zoology) နှင့် ဆစ်ဆောင်ပါးနား အပူပိုင်းရုက္ခဗေဒဥယျာဉ်(XTBG) တို့သည် ၂၀၁၆ ခုနှစ်ကစတင်၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ သုတေသန ပူးပေါင်းဆောင်ရွက်ရေး နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလတွင် ငါးနှစ်သက်တမ်းရှိ နားလည်မှု စာချွန်လွှာကို ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ




ရန်ကုန် ဇူလိုင် ၆

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ဆက်လက်ကျင်းပသည်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ဆောင်ရွက်တော်မူ၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာ သီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယနေ့ (ဒုတိယပိုင်း)ကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

**အောင်မြင်စွာကျင်းပပြီးစီး**

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အတည်ပြုချက်ရယူပြီး အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ သတ္တရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာ ကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ မွေမိတ်ဆွေများက ကျေးနတ္တာလီသ (၃၉)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA)မှ တာဝန်ရှိသူများ၊ နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ




နေပြည်တော် ဇူလိုင် ၆

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်း(MOEAA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ ခေါင်းဆောင်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ အခြားဟူ၍ နိုင်ငံအလိုက် အသင်းငယ်များ ဖွဲ့စည်းထားကြောင်း၊ MOEAA သည် အေဂျင်စီပေါင်း ၅၀၀ ကျော်ရှိသဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် အသင်းများ ဖွဲ့စည်းပေးပြီး ပြည်ပသို့ အလုပ်သမားစေလွှတ်မှုကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအလိုက် အသင်းငယ်များ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပြည်ပရှိ အမှန်တကယ် အလုပ်အကိုင်များကို အလုပ်သမားများအနေဖြင့် ရရှိအောင် ဆောင်ရွက်ကြရာတွင် ဝန်ဆောင်ခအနေဖြင့် အနည်းဆုံးဖြစ်ရန်လိုအပ်ကြောင်း၊ ပြည်ပအလုပ်လုပ်ကိုင်လိုသူ အလုပ်သမားများ အလိမ်မခံရစေရန် အသင်းများ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် အလုပ်သမားများ ပြည်ပမထွက်ခွာမီ စာချုပ်ချုပ်ဆိုရာတွင် လစာ၏ ၂၅ ရာခိုင်နှုန်းကို မိသားစုထံ အစိုးရပုံမှန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ရန်၊ အခွန် နှစ်ရာခိုင်နှုန်းပေးဆောင်ရန် ပါရှိပြီးဖြစ်သဖြင့် အေဂျင်စီများအနေဖြင့် အလုပ်သမားစေလွှတ်ရုံမဟုတ်ဘဲ မိသားစုလွှဲပို့ငွေများ ပြန်ပို့စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စေလွှတ်စာရင်းအရ မှတ်တမ်းတင်ထားပြီး မိသားစုလွှဲပို့ငွေပြန်ပို့ခြင်း ရှိ၊ မရှိ စိစစ်နေပါကြောင်း၊ နိုင်ငံတော်အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေခြင်းဖြစ်၍ တာဝန်အပြင် စေတနာပါထည့်ပြီး ဆောင်ရွက်ရန် လိုကြောင်းနှင့် နိုင်ငံအလိုက် အသင်းခေါင်းဆောင်များအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များ၏ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် လိုအပ်သည်များ ရှင်းလင်းမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖိလစ်ပိုင်ရုပ်ရှင်ပြပွဲ စတင်ကျင်းပ

**မန္တလေး ဇူလိုင် ၆**

ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ ပြည်သူများအကြား ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန်၊ ဖိလစ်ပိုင်နိုင်ငံ၏ ယဉ်ကျေးမှုကို ဖော်ကျူးသည့်အနေဖြင့် ဖိလစ်ပိုင်ရုပ်ရှင်ပြပွဲကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်း၊ သဇင်လမ်းနှင့် ၎ရွှေဝါလမ်း၊ Mingalar Mandalay ရှိ J Cineplex ရုပ်ရှင်ရုံ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲက စတင်ကျင်းပခဲ့သည်။

အဆိုပါရုပ်ရှင်ပြပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ရုပ်ရှင်ကြည့် ပရိသတ်(၁၇၉)ဦး ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**



## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု နွေစပါးစံကွက်ရိတ်သိမ်းမှု ကွင်းသရုပ်ပြ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းမှု ကွင်းသရုပ်ပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့နယ်ရှိ တမုတ်ဆိုးကျေးရွာ အုပ်စု နွေစပါးစိုက်ခင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုး အောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန် ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများနှင့် တောင်သူများတက် ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများနှင့် တောင်သူများအား ရင်းနှီးစွာ တွေ့ဆုံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း မိုးစပါး၊ နွေစပါး သီးနှံ စိုက်ပျိုးထွက်ရှိမှု ပန်းတိုင်ထွက် နှုန်း ပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ကဏ္ဍများတွင် အားနည်းချက်များမရှိစေရေးနှင့် တောင်သူများ၏ လိုအပ်ချက် များကို ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှု လယ်ယာစနစ်ပြောင်းလဲရမည် ဖြစ်ပြီး သိပ္ပံနည်းကျစိုက်ပျိုး စနစ်များ ထိရောက်စွာသုံးစွဲနိုင် ရေး၊ ဒေသ၊ ရေ၊ မြေအခြေ အနေများအပေါ် မူတည်ပြီး သီးထပ်သီးနှံအပြည့်အဝစိုက်ပျိုး နိုင်ရေးတို့တွင် အားလုံးပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အောင်မြင် မှုများ ရရှိလာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံတော် က စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍများတွင် ရည်မှန်းချက် ပန်းတိုင်ပြည့်မီရေး ၊ စိုက်ပျိုးရေး နှင့် မွေးမြူရေး ထုတ်ကုန်အပေါ် အခြေခံသော MSME လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး အလေး ထား ဆောင်ရွက်နေမှုများ၊ တောင်သူများ၏ ပူးပေါင်းပါဝင် မှုဖြင့် စပါးမျိုးစေ့ထုတ်လုပ်ငန်း အစီအစဉ်အား စနစ်တကျ အကောင်အထည်ဖော်လုပ်ကိုင် ဆောင်ရွက်သွားရေးနှင့် စိုက်ပျိုး၊ မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးတို့တွင် လိုအပ်သည့် နည်း ပညာများအား ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများနှင့် ပတ် သက်၍ ဆွေးနွေးပြောကြား ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသ ကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် ထားရှိမှုများအား ရှင်းလင်းတင် ပြရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများ အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့် ဆည်းဆောင်ရွက်ပေးခဲ့ပြီး နွေ စပါးစံကွက်အတွင်း ရိတ်သိမ်း ခြွေလှေ့ယာဉ်ဖြင့် နွေစပါးရိတ် သိမ်းနေမှုများနှင့် စပါးထွက်ရှိ မှုအား ချိန်တွယ်တိုင်းတာနေမှု များကို ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေး



**မန္တလေး ဇူလိုင် ၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ် သင်ကြားလျက်ရှိပြီး ကျောင်း သား၊ ကျောင်းသူများ ပညာသင် ကြားရာတွင် အေးချမ်း ပျော်ရွှင် စွာဖြင့် စိတ်ချမ်းမြေ့စွာ သင်ယူ နိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပမိရပ်များကောင်း မွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ အမြင်တင့်တယ် စေရေးအတွက် အခြေခံပညာ ကျောင်းများတွင် စုပေါင်းသန့်ရှင်း ရေးများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာ စည်မြို့နယ်ရှိ အမှတ်(၁၃)အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ကျောင်းသို့ရောက် ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း နေမှု၊ ရေစီးရေလာကောင်းမွန်စေ ရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ နှင့် စက်ယန္တရားတို့ဖြင့် တက် ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးကြပြီး လိုအပ် သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်း ကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာ လှပရေးတို့အတွက် တိုင်းစစ်ဌာန ချုပ်မှ နယ်မြေခံတပ်မတော်သား များနှင့် မိသားစုဝင်များ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ် ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများက စုပေါင်းသန့်ရှင်း ရေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ဘဝအလင်းသစ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူပေါင်းဆောင်ရွက်မှု ကော်မတီမှ မ,တည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သော သင်္ဂတုံကျေးရွာ "ဘဝအလင်းသစ်" စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက "ဘဝအလင်းသစ်" စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အဆောက်အအုံသစ်အား အမွှေးနံ့သာရေများ ပက်ဖြန်းပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ "ဘဝအလင်းသစ်" စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံသို့ တော်ဝင်ပိတောက်မြိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့်ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ ကျောက်ဆည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အလှူရှင်မိသားစုများက စာကြည့်တိုက်အတွက် ပရိဘောဂများ ၊ သုတ/ရသစာအုပ်စာစောင်များကိုလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင်အား စိုက်ပျိုးပေးပြီး အမှတ်တရစုပေါင်း မှတ်တမ်းဓာတ်ပုံ ရိုက်ကူး၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက စာကြည့်တိုက်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ၁၇ လုံး ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၅၅၀ နှင့် ကျေးရွာစာကြည့်တိုက် ၆၀၀ အတွက် စာအုပ်စာစောင် ၁၂၀၀၀ တို့ကို လှူဒါန်းလက်ခံရရှိခဲ့ရာ ယခုဖွင့်လှစ်လိုက်သည့် ကျေးရွာစာကြည့်တိုက်သည် မန္တလေးတိုင်းဒေသကြီးအတွင်း ပထမဆုံး စတင် ဆောက်လုပ်ဖွင့်လှစ်နိုင်သည့် စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











သတင်း-စာမျက်နှာ ၅



Mandalay City Development Committee
MANDALAY
- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Diana Ross မိုက်ကယ်ဂျက်ဆင် လက်ဦးဆရာက Jung Kook ကို ချီးကျူးထား

ကေပေါ့ပ်ဘုရင်အဖြစ် သတ်မှတ်ခံရသည့် မိုက်ကယ်ဂျက်ဆင် လက်ဦးဆရာ ဒိုင်ယာနာရို့စ်က ဂျောင်ဂု၏ Standing Next to You MV ကို ချီးကျူးစကားဆိုထားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒိုင်ယာနာရို့စ်သည် ကမ္ဘာ့ဂင်းနစ်စံချိန်ပေါင်း ၇၀ တိတိ ပိုင်ဆိုင်ထားပြီး ဂရမ်မီနှစ်ခုရ ဂီတပညာရှင်ဖြစ်ကာ မိုက်ကယ်ဂျက်ဆင်၏ လက်ဦးဆရာလည်းဖြစ်ပြီး ဂျောင်ဂု၏ ဂီတဗီဒီယိုခွေများကို သဘောကျခဲ့ကာ လှုပ်ရှားမှုတိုင်းက မိုက်ကယ်ဂျက်ဆင်၏ ပုံရိပ်များကို မြင်တွေ့ခဲ့ရသည်။ အလွန်တော်သူဖြစ်ပြီး ကကွက်များအားလုံး ကောင်းမွန်သည်ဟု ချီးကျူးထားသည်။

မိုက်ကယ်ဂျက်ဆင် အနုပညာကို နောက်တစ်ကြိမ် ရှင်သန်သက်ဝင်အောင် ပြုလုပ်ပေးနိုင်၍ ဂျောင်ဂုကို ကျေးဇူးတင်သည်ဟု Pop Base Media ကလည်း အသိအမှတ်ပြုခဲ့သည်။ (SKY)







## ပန်းနာရောဂါဝေဒနာသက်သာအောင် ဘရာဇီးပေါင်မုန့်က ကုစားပေးနိုင်ဖွယ်ရှိ

ပန်းနာရောဂါသည်တစ်ကမ္ဘာလုံးတွင် အတွေ့ရအများဆုံးရောဂါတစ်မျိုးဖြစ်ပြီး ဘရာဇီးတစ်နိုင်ငံတည်း၌ ပန်းနာရောဂါခံစားနေရသူပေါင်း သန်း၂၀ခန့်ရှိမည်ဟု ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက အစီရင်ခံသည်။

ဘရာဇီးနိုင်ငံတွင် ပန်းနာရောဂါကြောင့် နှစ်စဉ်ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူပေါင်း ၃၅၀၀၀၀ ဦးခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ပန်းနာရောဂါကုသရေးနှင့်ပတ်သက်၍ ဘရာဇီးနိုင်ငံ ဆောပေါလိုတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက ဓာတ်ခွဲခန်းကြွက်များဖြင့် စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ ဘရာဇီးပေါင်မုန့်စားသောကြွက်များ ပန်းနာရောဂါလက္ခဏာများ ကင်းစင်သွားသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ပါမောက္ခမားကို့စ်ဒီကာဗာလ်ဟိုဘော်ဂက်စ်က ထုတ်ဖော်ပြောကြားသည်။ (SCI)

## Kim Seok Jin @ Jin(BTS)ကို Olympic မီးရှူးတိုင်ကိုင်ရန် ရွေးချယ်ထား

အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်ရန်အတွက် တောင်ကိုရီးယား ကေပေါ့ပ်အနုပညာရှင် ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်) ကင်ဆွတ်ဂျင်ကို ရွေးချယ်ခဲ့ရာ တင်းကြပ်သောစည်းမျဉ်းများကြားမှ ရွေးချယ်ခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။





အဆိုပါ Olympic မီးရှူးတိုင်ကိုင်ဆောင်သူများကို ပေါ်ပျူလာအင်တာတိန်းမင့်မှ ကျော်ကြားသော အနုပညာရှင်များကို အခြေခံထားရွေးချယ်ခဲ့ခြင်းမဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွက် ကြီးမားစွာ အမှန်တကယ်ကူညီသူများကိုသာ တင်းကြပ်စွာ ရွေးချယ်ခဲ့ရာ ထူးခြားသော ကိုယ်ရည်ကိုယ်သွေးနှင့် မြင့်မားသော ကိုယ်ကျင့်တရားများ ပါဝင်ခဲ့သည်။

အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်ခွင့်ရခဲ့သူများမှာ လူမှုရေးလုပ်သားများ၊ ကြောက်မက်ဖွယ်ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသော ရဲရင့်သူများ၊ သင်တန်းပြီးဆုံးမှုပြည့်စုံသူများကိုသာ ရွေးချယ်ခဲ့ရာ ကင်ဆွတ်ဂျင် အရွေးခံခဲ့ရပြီး HYBE က အိုလံပစ်နှင့်ပတ်သက်သည့် ကြေညာချက်ကို နိုင်ငံတကာ အိုလံပစ်ကော်မတီက ထုတ်ပြန်ထားပြီး မီးတိုင်နှင့်ပတ်သက်၍ ရပ်တည်ချက်ကို မကြာမီ ရှင်းလင်းပေးပါမည်ဟု ဆိုသည်။ (SKY)

## Wang Yibo ၏ Guangxi ခရီးစဉ် ရာသီဥတုမှာ အပူပြင်းထန်ချိန် ဖြစ်

မှတ်တမ်းရုပ်ရှင်ရိုက်ကူးရန် Guangxi ခရီးစဉ်ထွက်ခဲ့သည့် ဝမ်ရိဘိုမှာ တရုတ်ပြည်၏ နွေလလယ်ဖြစ်၍ ရာသီဥတု ပူပြင်းသောဒဏ်ကို ကြံ့ကြံ့ခံ၍ ရိုက်ကူးခဲ့ရာ အပူပြင်းထန်ချိန်နှင့် ရင်ဆိုင်ခဲ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရန် သွားခဲ့သည့် Guangxi, Gullin မှာ ရာသီဥတုပူပြင်းချိန်ဖြစ်ပြီး တောတောင်သဘာဝရှုခင်းများနှင့် ရိုက်ကူးရေးလုပ်ခဲ့သော ဝမ်ရိဘိုမှာ နေလောင်ဒဏ်ခံခဲ့ရပြီး အသားများညိုလာသည်။

မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့က ဝမ်ရိဘိုအတွက် နေကာများစီစဉ်ပေးသော်လည်း ငြင်းဆန်ခဲ့ပြီး ရိုက်ကူးရေးအဖွဲ့သားများနှင့် တစ်သားတည်း အတူ တောတွင်း၌ သူ၏စစ်မှန်သည့် ဘဝနေထိုင်မှုကို ဖော်ထုတ်ပြသခဲ့သည်ကို တွေ့ကြရမည်ဖြစ်သည်။

မကြာမီ သူ၏ (၂၇)နှစ်ပြည့်မွေးနေ့ကျရောက်မည်ဖြစ်၍ ပရိသတ်များအကြိုဂုဏ်ပြုရန် စီစဉ်နေကြသည်။ (SKY)



## Lee Hanee က Baeksang Art Awards တွင် အကောင်းဆုံးမင်းသမီးဆု ရရှိ

ဘိတ်ဆန်းအနုပညာဆုပေးပွဲတွင် အကောင်းဆုံးမင်းသမီးဆုရရှိခဲ့သည့် လီဟန်နီမှာ ဆောင်းဟေကိုနှင့် ခင်မင်ရင်းနှီးခဲ့သည်ဟု ယင်းဆုပေးပွဲအပြီးတွင် ပြောကြားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆုရရှိသူ လီဟန်နီနှင့် ဆုပေးခဲ့သူ ဆောင်းဟေကိုတို့ အင်စတာဂရမ်မှတစ်ဆင့် အချင်းချင်းဆက်သွယ်မှုရှိကာ ရင်းနှီးသူများဖြစ်ခဲ့ကြပြီး ဆောင်းဟေကိုက ဘေးဆူဇီနှင့်လည်း ရင်းနှီးကာ ပြင်ပထွက်လည်ခဲ့ကြသည်။

လီဟန်နီက ဆောင်းဟေကို၏ ရိုးရှင်းပွင့်လင်းမှုကို သဘောကျခဲ့ကာ သူငယ်ချင်းများနှင့်အတူ စားသောက်ဆိုင်သွားတတ်ကြပြီး လွတ်လပ်စွာ စားသောက်မှုကိုလည်း အားကျနေခဲ့ကာ စိတ်သဘောကောင်း၍ ပေါင်းသင်းရလွယ်သူဟု မှတ်ချက်ပေးထားသည်။

လီဟန်နီနှင့် ဆောင်းဟေကိုတို့ ခင်မင်ရင်းနှီးမှုရှိသည်ကို ပရိသတ်များ သဘောကျနေကြကာ ဘေးဆူဇီ၊ ဆောင်းဟေကိုနှင့် လီဟန်နီတို့ သုံးဦးကို မကြာမီ မြင်ရမည်ဟု မျှော်လင့်နေကြသည်။ (SKY)



## Lee Soo Hyuk က The Player Season 2 တွင် ဧည့်သည်တော်အဖြစ် ပါဝင်



ပရိသတ်အားပေးမှုရရှိထားသည့် The Player Season 2 ကို ထပ်မံရိုက်ကူးထားရာ လီဆူဟွတ်ဧည့်သည်တော်အဖြစ် ပါဝင်ထား၍ ဇာတ်ရုပ်ပိုကြွလာသဖြင့် အပိုင်းသုံး ဆက်ရိုက်ရန် ပရိသတ်တောင်းဆိုထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထား၍ အပိုင်းနှစ်ရိုက်ကူးရာတွင် လီဆူဟွတ် ပါဝင်ခဲ့၍ ပိုစိတ်ဝင်စားဖွယ်ဖြစ်လာခဲ့သည်။

လီဆူဟွတ်သည် ပါဝင်သည့်ဇာတ်ကားတိုင်း အပိုင်းနည်းလျှင်ပင် တစ်ကွက်ဆိုဆိုသလောက် အနုပညာအရည်အသွေးပြသနိုင်သူဖြစ်ကာ The Player ဆိုသည့်အတိုင်း လှည့်ကွက်များနှင့် ဇာတ်ရှိန်မြင့်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပရိသတ်များက လီဆူဟွတ်သရုပ်ဆောင်မှုကို အားပေးထားကြပြီး အပိုင်းသုံး ဆက်လက်ထွက်ရှိရန် တောင်းဆိုထားကြသည်။

(SKY)

## Yang Zi က Olympic မီးရှူးတိုင်ကိုင်ခွင့်ရသည့် ဒုတိယမင်းသမီး ဖြစ်

တရုတ်အနုပညာလောကမှ အိုလံပစ်မီးရှူးတိုင် ကိုင်ခွင့်ရသော မင်းသမီးများတွင် ကန့်သတ်ချက်များရှိပြီး ပထမကိုင်ခွင့်ရသူမှာ ကျန်းလူဆီဖြစ်ပြီး ယောင်ဇီက ဒုတိယ မီးရှူးတိုင်ကိုင်ခွင့်ရခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အိုလံပစ်မီးရှူးတိုင် ကိုင်ဆောင်ခွင့်ရသည့် အနုပညာရှင်မင်းသမီးများမှာ နာမည်ပျက်မရှိသလို နိုင်ငံတွင် ထင်ရှားကျော်ကြားသူဖြစ်ရမည်ဟူ၍ ကန့်သတ်ထားသည်။

ယင်းအိုလံပစ် မီးရှူးတိုင်ကို ပထမ ကျန်းလူဆီ ကိုင်ခွင့်ရပြီး ဒုတိယ ယောင်ဇီက ကိုင်ခွင့်ရခဲ့ကာ တရုတ်အနုပညာလောကတွင် ထိပ်တန်းအနုပညာရှင်များစာရင်းဝင်ခဲ့ကြသည်။

နာမည်ပျက်စာရင်းတွင် မပါဝင်ခဲ့ကြသဖြင့် သူတို့နှစ်ဦး၏ ချောမောလှပမှုနှင့် အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်မှုမှာ ဂုဏ်သတင်းတစ်ခုဖြစ်ခဲ့ကြသည်။(SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဗြိတိန်ဝန်ကြီးချုပ် ကီယာစတာမာ အစိုးရအဖွဲ့ကို မိတ်ဆက်ကြေညာ



**လန်ဒန် ဇူလိုင် ၆**

ဗြိတိန်ဝန်ကြီးချုပ် ကီယာစတာမာ ဇူလိုင် ၅ရက်က ၎င်း၏ အစိုးရအဖွဲ့ကို မိတ်ဆက်ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၄နှစ်ဆက်တိုက်ကြာမြင့်သည်အထိ အာဏာရခဲ့သော ရှေးရိုးစွဲပါတီကို ယခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် အလုပ်သမားပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့ပြီးနောက် ကီယာစတာမာ ဦးဆောင်ကာ အစိုးရအဖွဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထိုအစိုးရအဖွဲ့တွင် အသက် ၄၄နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သော အန်ဂျယ်လာရေးနားကို ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ အမျိုးသမီးစစ်တုရင်ချန်ပီယံဟောင်း ဘောဂဗေဒပညာရှင် ရေချယ်ရီးဗက်စ်ကို ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း ထူးထူးခြားခြားတွေ့မြင်ကြရသည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဒေးဗစ်လမ်မီ၊ ပြည်ထဲရေးဝန်ကြီးအဖြစ် ယက်ဗ်ကူးပါး၊ ကာကွယ်ရေးဝန်ကြီးအဖြစ် ဂျွန်ဟီးယားလေးစသည်ဖြင့်လည်း ဗြိတိန်အစိုးရအဖွဲ့တွင် ထည့်သွင်းဖွဲ့စည်းထားကြောင်း သိရသည်။

**Mon**

## ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်အား ရုရှားသမ္မတ ပလာဒီမာပူတင် လက်ခံတွေ့ဆုံ



**မော်စကို ဇူလိုင် ၆**

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်အား ရုရှားသမ္မတ ဗလာဒီမာပူတင်က မော်စကိုမြို့တော်ရှိ သမ္မတအိမ်တော်၌ ဇူလိုင် ၅ရက်က လက်ခံတွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဥရောပသမဂ္ဂကောင်စီ၏ ဥက္ကဋ္ဌရာထူးတာဝန်စတင်ထမ်းဆောင်ပြီး များမကြာမီတွင် ဗစ်တာအော်ဘန်က ငြိမ်းချမ်းရေးအဖွဲ့ကို ဦးဆောင်ကာ ရုရှားနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယူကရိန်းအရေး ငြိမ်းချမ်းစွာအဆုံးသတ်နိုင်ရန်အတွက် ရောက်ရှိလာသော ဗစ်တာအော်ဘန်နှင့် နာရီအနည်းငယ်ကြာ ဆွေးနွေးခဲ့ပြီးနောက် ပွင့်လင်းပြီး အသုံးဝင်သော ပြောဆိုဆွေးနွေးမှုဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က မှတ်ချက်ချခဲ့သည်။

ဗစ်တာအော်ဘန်၏ ရုရှားခရီးစဉ်ကို ဥရောပသမဂ္ဂထိပ်တန်းအရာရှိအချို့က လက်မခံဘဲ ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

**Mon**

## ပြုပြင်ပြောင်းလဲရေးသမား မာဆွတ်ပေဇက်ရှ်ကီယန် အီရန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရ



**တီဟီရန် ဇူလိုင် ၆**

ပြုပြင်ပြောင်းလဲရေးသမား မာဆွတ်ပေဇက်ရှ်ကီယန် အီရန်သမ္မတအဖြစ် ဇူလိုင် ၅ရက်က ရွေးကောက်တင်မြှောက်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ မဲဆန္ဒခံယူရာတွင် ၎င်းက ထောက်ခံမဲ ၅၃ ဒသမ ၃ ရာခိုင်နှုန်း ၎င်း၏ အဓိကပြိုင်ဘက်သမ္မတလောင်း ရှေးရိုးစွဲဝါဒီ ဆာယီဒ်ဂျာလီလီက ထောက်ခံမဲ ၄၄ ဒသမ ၃ ရာခိုင်နှုန်းရရှိပြီး ၎င်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဇွန် ၂၃ရက်က ထွက်ပေါ်လာသော အီရန်သမ္မတရွေးကောက်ပွဲ ပထမအကျော့ မဲဆန္ဒခံယူရာတွင် မည်သည့်သမ္မတလောင်းမျှ ထောက်ခံမဲပမာဏ ၅၀ရာခိုင်နှုန်းမကျော်လွန်ခဲ့သဖြင့် ဒုတိယအကျော့ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။

တရားဝင်မဲရလဒ် ထုတ်ဖော်ကြေညာခြင်းမပြုမီကတည်းကပင် အခြေအနေကိုရိပ်စားမိသော ပေဇက်ရှ်ကီယန်ထောက်ခံသောလူငယ်များ တီဟီရန်မြို့တော်ရှိ လမ်းများပေါ်သို့ထွက်ကာ အောင်ပွဲခံခဲ့ကြသည်။

အသက်၇၁နှစ်အရွယ် ပေဇက်ရှ်ကီယန်သည် နှလုံးခွဲစိတ်အထူးကုဆရာဝန်တစ်ဦးဖြစ်ကြောင်း သိရသည်။

**Mon**



## စစ္စလီကျွန်းရှိ အက်တနာနှင့် စထရွမ်ဘိုလီမီးတောင် အပြိုင်ပေါက်ကွဲကာ မီးခိုးနှင့် ပြာမှုန်များမှုတ်ထုတ်

**ကာတာနီယာ ဇူလိုင် ၆**

စစ္စလီကျွန်းရှိ အက်တနာနှင့် စထရွမ်ဘိုလီမီးတောင် နှစ်တောင် ဇူလိုင် ၅ ရက်က အပြိုင်ပေါက်ကွဲကာ မီးခိုးနှင့် ပြာမှုန်များမှုတ်ထုတ်လျက်ရှိကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် စစ္စလီကျွန်းမြောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် ချော်ရည်များလည်း စီးကျခဲ့သည်။

ပြာမှုန်များ ကောင်းကင်ထဲသို့ တလူလူလွင့်တက်နေဆဲဖြစ်သဖြင့် ဇူလိုင် ၆ရက်အထိ ကာတာနီယာလေဆိပ်ရှိ လေယာဉ်ခရီးစဉ်များကို ခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။ **Mon**

## တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ဆည်ရေထိန်းတမံ ကျိုးပေါက်မှုကြောင့် ရေကြီး



**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်အတွင်းရှိ ဒေါင်တင်းရေအိုင်နှင့် ဆက်စပ်နေသော ဆည်၏ရေထိန်းတမံ ဇူလိုင် ၅ရက် ညနေပိုင်းက ကျိုးပေါက်မှု ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရေထိန်းတမံကျိုးပေါက်မှုကြောင့် အနီးပတ်ဝန်းကျင် လူနေဒေသများတွင် ရုတ်တရက် ရေကြီးမှု ဖြစ်ပွားခဲ့သည်။

တမံအရှည် ၂၂၆ မီတာအထိ ပေါက်သွားခဲ့ရာမှ ဆည်အတွင်း သိုလှောင်ထားသော ရေထုသည် အရှိန်ပြင်းစွာဖြင့် အပြင်လူနေဒေသများဘက်သို့ လျှံထွက်ကျသွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။

အဆိုပါ ရုတ်တရက်ရေကြီးမှုကြောင့် ဒေါင်တင်းရေအိုင်တစ်ဝိုက်တွင် အခြေချနေထိုင်သူ ၆၀၀၀ ဦးခန့် ဘေးလွတ်ရာသို့ ရှောင်ပြေးခဲ့ရသည်။

ရေကြီးမှု ကျယ်ပြန့်မသွားစေရန်အတွက် သက်ဆိုင်ရာက လမ်းများကို ချက်ချင်းပိတ်ပစ်လိုက်ရာ ဟူနန်ပြည်နယ် ဟွာရုန်းစီရင်စုနယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ရပ်တန့်လျက်ရှိသည်။

ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် ထိခိုက်မှုမရှိအောင် ဂရုစိုက်ပေးကြရန် ကယ်ဆယ်ရေးအဖွဲ့များကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ညွှန်ကြားခဲ့ကြောင်း သိရသည်။ **Mon**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ လက်ခံကျင်းပနေသော ၂၀၂၄ခုနှစ် ကမ္ဘာ့မှတ်ဉာဏ်တုညီလာခံတွင် တရုတ်လူငယ်ပညာရှင်တစ်ဦး စက်ရုပ်နည်းပညာ သရုပ်ပြနေသည်ကို ဇူလိုင် ၅ရက်က တွေ့ရစဉ်။**

**Mon**



## နှစ်ပေါင်း၄၀၀၀ သက်တမ်းရှိသည့် နတ်ကွန်းတစ်ခု ပီရူးမြောက်ပိုင်း သဲကမူကြီးအောက်မှ တူးဖော်တွေ့ရှိ

**လီမာ ဇူလိုင် ၆**

နှစ်ပေါင်း၄၀၀၀ သက်တမ်းရှိသည့် နတ်ကွန်းတစ်ခုကို ပီရူးနိုင်ငံမြောက်ပိုင်းရှိ သဲကမူကြီးအောက်မှတူးဖော်တွေ့ရှိခဲ့သည်ဟု ဇူလိုင်လဆန်းပိုင်းတွင် အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇာနာခရိုင်အတွင်းရှိ သဲကန္တာရတစ်နေရာတွင် ပွန်တီဖီကယ်ကက်သလစ်တက္ကသိုလ်မှ လွစ်မူရို ဦးဆောင်သော ရှေးဟောင်းသုတေသီများ တူးဖော်လေ့လာရာမှ ယင်းရှေးဟောင်းနတ်ကွန်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နတ်ကွန်းအနီးတစ်ဝိုက်တွင် ယဇ်ပူဇော်ခံရခြင်း သို့မဟုတ် စတေးခံရခြင်းကြောင့် သေဆုံးသူများ၏ အရိုးစုအချို့ကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။ **Mon**



## ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဂန့်ဂေါ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဂန့်ဂေါခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂန့်ဂေါခရိုင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားကြောင်း၊ ကော်မတီများအနေဖြင့် အချက်အလက်များ မှန်ကန်ရေး စနစ်တကျပြုစုထားရန်လိုအပ်ကြောင်း၊ မော်တော်ယာဉ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ကြိုတင်ပြင်ဆင် စုဖွဲ့ထားရှိရေး၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်ပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဌာနဆိုင်ရာများအနေဖြင့် ပေးအပ်သောလုပ်ငန်းတာဝန်များကို တာဝန်ကျေပြွန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဂန့်ဂေါမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြစ်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ပျက်စီးဆုံးရှုံးမှုများ စာရင်းကောက်ယူရေးအဖွဲ့၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့ စသည့် အဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအရေးပေါ် ကျရောက်လာပါက ဘေးလွတ်ရာစုရပ်များကို သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးဝါးများ စုဆောင်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးကျရောက်လာပါက ဘေးသင့်ပြည်သူများကို ရန်ပုံငွေနှင့် အိမ်ထောင်စု(၄၀၆)စုအတွက် ထောက်ပံ့ပစ္စည်း(၁၆)မျိုးတို့ကို စုစည်းထားကြောင်း ရှင်းလင်းတင်ပြကြရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌမှ သက်ဆိုင်ရာလုပ်ငန်းကော်မတီများက အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးဌာနက ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို ဂန့်ဂေါခရိုင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ ဂန့်ဂေါမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*



## မြစ်ရေတက်မှုကြောင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှု ဖြစ်ပေါ်သဖြင့် နေထိုင်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ဗန်းမော် ဇူလိုင် ၆**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်များအတွင်းရှိ မြေနိမ့်ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် နေအိမ်များအတွင်းသို့ ရေများဝင်ရောက်မှု ဖြစ်ပေါ်သဖြင့် နေထိုင်သူပြည်သူများအား ရေဘေးလွတ်ရာသို့ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဇူလိုင် ၃ ရက် နံနက် ၆ နာရီက ရွှေ့ပြောင်းပေးခဲ့ကြသည်။

မြစ်ရေဝင်သည့်နေရာများသို့ ဗန်းမော်ခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ရပ်ကွက်အတွင်း နေထိုင်သူပြည်သူများ ရေဘေးလွတ်ရာသို့ ရှာဖွေကယ်ဆယ်ရေးလှေ(၈)စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီးတို့ဖြင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

အလားတူ ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ကာ ရပ်ကွက်နေပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

*-*-*-*-*

*-*-*-*-*-*

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**အောင်လံ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန် နေ့ မွန်းလွဲ ၁ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးရုံးခန်းမ၌ ပြုလုပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ (အပေါ်ယာပုံ)



ရှေးဦးစွာ အောင်လံခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လျင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများပြုလုပ်၍ စာရင်းပြုစုတင်ပြရန် ပြောကြားခဲ့ပြီး တက်ရောက်လာသော ဦးစီးကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမို ပါရှိလာသည့် တရုတ်နိုင်ငံထုတ် Foot Valve ရေပိုက်အဆို့ရှင် (၁၃၄၁)ကီလိုဂရမ်နှင့် Diesel Generating 55 KVA မီးစက် (၂)လုံးကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ(၁၀)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမို ပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Hollow Pipe ကီလိုဂရမ် ၅၆၁၃၀ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပဲခူးမြစ်လမ်းနှင့် ရတနာလမ်းဆုံတွင် လိုင်စင်မဲ့ Mini Cooper မော်တော်ယာဉ်(၁)စီးနှင့် အင်းစိန်မြို့နယ်၊ ဗဟိုလမ်းအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီးတို့ကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်းမြို့နယ်)၊ စက်မှုဇုန်(၂)၊ ဒီပဲယင်းဝန်ထောက်ဦးမြဲလမ်း၊ အမှတ်(၁၂၀၊ ၁၂၁)၌ တရားမဝင်ကျွန်းသစ်(၁၂ ဒသမ ၅၆၇)တန်ကို သစ်တောဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ အခြားသစ်(၃ ဒသမ ၀၇၃)တန်နှင့် ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် သစ်စက်အင်ဂျင်(၁)လုံးနှင့် ဆက်စပ်ပစ္စည်း(၄)မျိုးကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ(၀ ဒသမ ၂၈၀)တန်၊ အခြားသစ်(၀ ဒသမ ၈၆၆)တန် ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်၌ လိုင်စင်မဲ့ New Anbo 125 မော်တော်ဆိုင်ကယ်(၁)စီး ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မြေကမ္ဘာကာကွယ်ဖို့ အလေးထားထိန်းသိမ်းကြပါစို့




နှစ်စဉ်နှစ်တိုင်း ဇွန်လ(၅)ရက်နေ့ကို "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အဖြစ် သတ်မှတ်ထားပါသည်။ အဓိကရည်ရွယ်သည်မှာ ယနေ့ ဤကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ဖြစ်သော ရေထု၊ လေထု၊ မြေထုနှင့် ဇီဝထုတို့ကို မပျက်စီးစေရန် အမြဲထာဝရ ထိန်းသိမ်းကြရန် ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၅၀၀ ကျော်က စတင်ဖြစ်တည်ခဲ့သောကြောင့် ယခုအခါ အလွန်အိုမင်း ရင့်ရော်နေပေပြီ။ လူသားတို့၏လုပ်ဆောင်မှု၊ ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုသည် လူ့ဘောင်အဖွဲ့အစည်းတို့အတွက် ကောင်းမွန်သောလက္ခဏာများဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ညစ်ညမ်းစေသည်။ ဘေးထွက်ဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေပါသည်။

ယခုနှစ် ၂၀၂၄ ခုနှစ် ဇွန်လ(၅)ရက်နေ့ "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" ၏ ဆောင်ပုဒ်မှာ "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး" ဖြစ်ပါသည်။ ယနေ့ကမ္ဘာ၏ မြေမျက်နှာသွင်ပြင်များသည် တစ်စတစ်စ ပြောင်းလဲလျက်ရှိနေပါသည်။ လူသားတို့သည် ဤမြေလွှာ ဤနေရာနှင့် ဤမြေကမ္ဘာ၏ ရာသီဥတုကို အမှီပြု၍ နေထိုင်ကြရသည်။ မြေလွှာများ ပျက်စီးပြုန်းတီး၍ သဲကန္တာရများဖြစ်လာခြင်း (Desertification)၊ မိုးခေါင်ရေရှား၍ ရေခန်းခြောက်ခြင်း (Drought)များကြောင့် ဇီဝထုကြီး ပျက်စီးနိုင်သည်။ ခြောက်သွေ့ဇုန်(Dry Zone) များတွင် ဇီဝထုတို့၏ အသက်ရှင်ရပ်တည်ရေးသည် အလွန်ခက်ခဲလှသည်။ ရေမရှိပါက မြေလွှာခန်းခြောက်မည်။ မြေဆီလွှာဩဇာမရှိပါက သစ်ပင်ပေါက်ရောက်မှုနှင့် စိုက်ပျိုးပင်များ ဖြစ်ထွန်းမှု မရှိနိုင်တော့ပေ။ သစ်တော၊ သစ်ပင်များ ကင်းမဲ့နေပါက အပူချိန်မြင့်တက်လာမည်။ ရာသီဥတုဖောက်ပြန်တော့မည်။ မိုးခေါင်၍ ရေရှားမည်။ မြေအောက်ရေနှင့် စီးဆင်းရေတို့ လျော့ပါးလာပေမည်။

"ရေအသက် တစ်မနက်" ဟု ဆိုရိုးစကား ရှိထားပါသည်။ ရေသည် လူနှင့်ဇီဝမျိုးစုံတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ ဥတုရာသီ မျှတ၍ မိုးလေဝသ မှန်ကန်ပါမှသာ မြေဆီလွှာများ စွတ်စို၍ မြေဆီဩဇာ ထက်သန်မည်။ အရိပ်ရသစ်တောကြီးများ ရှင်သန်မည်။ ထိုအခါ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းမှုများ မဖြစ်မနေ လုပ်ဆောင်ကြရပေမည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်၏ ပြုပြင်ပြောင်းလဲမှုများ၊ တစ်နေ့တစ်ခြား ပျက်စီးယိုယွင်းလာမှုများ၏ အကြောင်းရင်းကို လေ့လာကြရမည်။ ဤသို့ဖြစ်မလာစေရန် မည်သို့ ကာကွယ်ရမည်နည်း။ မည်သည်တို့ကို လိုက်နာဆောင်ရွက်ကြရမည်နည်း။ ပတ်ဝန်းကျင်ဆိုင်ရာပညာပေးမှု၊ လေ့လာသုတေသနပြုမှု၊ တက်ကြွလှုပ်ရှားမှုနှင့် ဥပဒေပြုမှု တားဆီးကာကွယ်မှုများပြုလုပ်ရန် လိုအပ်ပါသည်။

"ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့" အကြို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ပေးခြင်းကို နိုင်ငံအနှံ့ ပြည်နယ်တိုင်းဒေသကြီးများတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူထုအခြေပြု ဗဟိုဌာနများတွင် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေကြသည်ကို နိုင်ငံပိုင်သတင်းစာများတွင် နေ့စဉ်ဖတ်ရှုရပါသည်။ ယခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်နှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ နောက်ခံသမိုင်းကြောင်း၊ သဲကန္တာရ၏ အဓိပ္ပာယ်၊ သဲကန္တာရများ ဖြစ်ပေါ်လာသည့်အကြောင်းရင်း၊ မိုးခေါင်ရေရှားမှုနှင့် နောက်ဆက်တွဲ ပြဿနာများ၊ ဥတုရာသီဖောက်ပြန်ရခြင်းနှင့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးရခြင်းများ၊ မြေအောက်ရေများ စီးဆင်းမှုခန်းခြောက်သွားမှုများ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၏ အကျိုးရလဒ်များ၊ မြေယာများ ပြန်လည်ပြုပြင်ခြင်း၊ သစ်တောများ အလွန်အကျွံထုတ်ယူခြင်း၊ ကျေးရွာသုံး ထင်းတောများ စိုက်ပျိုးခြင်း၊ ထင်းအစားထိုး လောင်စာအသုံးချရေး စသည့် အသိပညာပေးဆွေးနွေးပွဲ (Talk Show) များကို ပြည်သူများသို့ ထဲထဲဝင်ဝင် သိမြင်လာကြစေရန် ရိုက်ကူးထုတ်လွှင့်ခြင်းအား လစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးလာမှုများကို လေ့လာကြည့်ရာတွင် နိုင်ငံအလိုက် အခြေအနေအမျိုးမျိုးအရ ဖြစ်ပေါ်နေကြပြီး ပျက်စီးမှုအဆင့် အမျိုးမျိုးကွဲပြားနေသည်ကို တွေ့ရပြန်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ထိုင်းနိုင်ငံထက်စာလျှင် ပျက်စီးမှုနည်းပါးသည်ကို တွေ့ရပါသည်။ ၁၉၉၅ ခုနှစ်ကထုတ်ဝေခဲ့သည့် မှတ်တမ်းတစ်ခုတွင် တွေ့ရသည်မှာ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှင့်မှုကိုကြည့်ပါက မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၇ သန်း၊ ထိုင်းနိုင်ငံ အနေဖြင့် တန်ချိန် ၁၇၅ သန်း၊ တရုတ်နိုင်ငံအနေဖြင့် ၃၁၉၂ ဒသမ ၅သန်းတန် ရှိသည်ကို တွေ့ရှိရပါသည်။

သို့ရာတွင် အထက်ဖော်ပြပါ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှင့်မှုပမာဏသည် လျော့နည်းမသွားဘဲ နှစ်စဉ်တိုးပွား၍ နေပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများ၏ လေထုအတွင်းသို့ အဆိပ်ငွေ့များ ထုတ်လွှင့်၍ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ တိုးတက်လာသော လူနေမှုစနစ်၊ စက်ရုံများနှင့် မော်တော်ယာဉ်များက ထုတ်လွှတ်လိုက်သော ဓာတ်ငွေ့များကြောင့် ဖြစ်ပါသည်။ ထို့ပြင်မှမက စက်ရုံများမှ ထုတ်လွှတ်လိုက်သည့် စွန့်ပစ်ပစ္စည်းများ၊ မြို့ပြအညစ်အကြေးများကြောင့်လည်း ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ လေထု၊ ရေထု၊ ညစ်ညမ်းမှုပမာဏသည် နှစ်စဉ်တိုးတက်လျက်ရှိပါသည်။

ဓာတုမြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲမှုသည်လည်း ရေထုညစ်ညမ်းမှုနှင့် မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေပါသည်။ စိုက်ပျိုးမြေ၏ သုံးပုံတစ်ပုံခန့်သည် အထက်ပါဖြစ်စဉ်များကြောင့် ပျက်စီးသည်ကို လေ့လာတွေ့ရှိရပါသည်။ ဤသို့ မြေဆီလွှာများ၏ပျက်စီးပြုန်းတီးမှုသည် သစ်တောကြီးများ လျော့ပါးလာခြင်းနှင့်လည်း ဆက်စပ်နေပါသည်။

မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးမှု၊ တောမီးလောင်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာများ ခုတ်ထွင်ခြင်းသည် မြေဆီလွှာတိုက်စားခံရခြင်း(soil erosion)နှင့် မြေဩဇာဓာတ်များ ပျက်စီးခြင်း (soil degradation) ကို အများဆုံးဖြစ်ပေါ်စေပါသည်။ သစ်ပင်သစ်မြစ်များသည် မြေဆီလွှာ၏ အစိုဓာတ်ကိုထိန်းထား၍ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးပါသည်။ သစ်တော၊ သစ်ပင်ကင်းမဲ့ခြင်း၏ ဘေးထွက်ဆိုးကျိုးများမှာ ခြောက်သွေ့ဇုန်များ ဖြစ်လာခြင်း၊ သဲကန္တာရများ ဖြစ်ပေါ်လာခြင်း၊ ရေခန်းခြောက်သွားခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အဓိကရင်ဆိုင်နေရသည့် ပြဿနာမှာ သစ်တောများပြုန်းတီးခြင်း (deforestation) ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ တရားမဝင် သစ်ထုတ်ခြင်း၊ လောင်စာထင်းများ အသုံးပြုမှုများပြားခြင်း၊ ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်ခြင်း၊ မြို့သစ်များ ခုတ်ထွင်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ၁၉၉၀ ဝန်းကျင်က မှတ်တမ်းများအရ မြန်မာ့ ကြိုးဝိုင်း၊ ကြိုးပြင် သစ်တောများ၏ (၄၃)ရာခိုင်နှုန်းအထိ ပြုန်းတီးမှုရှိခဲ့ပါသည်။ ယခုအခါတွင် အချိန်မီကာကွယ်ထိန်းသိမ်းမှုကြောင့် ပြုန်းတီးမှုရာခိုင်နှုန်းများ လျော့နည်းလာပြီ ဖြစ်ပါသည်။ သစ်တောများပြုပြင်ခြင်း အသစ်ပြန်လည်စိုက်ပျိုးခြင်းများကို စနစ်တကျ စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

အခြားသော သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်းအကြောင်းရင်းတစ်ခုမှာ မြန်မာပြည်တောင်ပိုင်းဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ပင်လယ်ကမ်းစပ်ဒေသများတွင် သဘာဝ ဒီရေတောများ (Mangrove Forest) နှင့် ဒီရေဝင်ဒေသများ (Wet lands) လျော့ပါးသွားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ ယခုအခါတွင် စုစုပေါင်း ဒီရေတောဧရိယာ၏ ၅၈ ရာခိုင်နှုန်းခန့်အထိ လျော့နည်းနေသည်ဟု သိရပါသည်။

သို့ပါ၍ မြန်မာ့သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးစေရန်အတွက် ကာကွယ်ထိန်းသိမ်းကြပါစို့။ စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ထိရောက်သည့် လုပ်ငန်းဆောင်ရွက်မှု၊ တက်ကြွသည့် စုပေါင်းလုပ်ဆောင်မှုများ ထားရှိကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)






## ချီယေဆာအား ပြောင်းရွှေ့ကြေး ယူရို ၂၅သန်းရရှိပါက ဂျူဗင်တပ်အသင်း ရောင်းချမည်



**တူရင် ဇူလိုင် ၆**

စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အသင်းတောင်ပံကစားသမား ချီယေဆာအား ပြောင်းရွှေ့ကြေး ယူရို ၂၅သန်းရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းနှင့် ရိုးမားအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ချီယေဆာသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ ပွဲကစားပြီး ၃၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဂျူဗင်တပ်အသင်းကလည်း ချီယေဆာအတွက် ၎င်းတို့ အလိုရှိနေသည့် ပြောင်းရွှေ့ကြေး အတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် ရိုးမားအသင်းတို့အနေဖြင့် ဂျူဗင်တပ်အသင်း အလိုရှိနေသည့် ပြောင်းရွှေ့ကြေးအတိုင်း ချီယေဆာအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ရှန်နီအက်ဝက်ဒ်အား ဆောက်သမ်တန်အသင်းက ခေါ်ယူ

**လန်ဒန် ဇူလိုင် ၆**

ဆောက်သမ်တန်အသင်းသည် ပီတာဘာရော့ယူနိုက်တက်အသင်း နောက်ခံကစားသမား ရှန်နီအက်ဝက်ဒ်အား စတာလင်ပေါင် သုံးသန်းဖြင့် ၄နှစ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၁ နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပီတာဘာရော့ယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၃ ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆောက်သမ်တန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။


ဆောက်သမ်တန်အသင်း ထုတ်ပြန်ချက်တွင် "ရှန်နီအက်ဝက်ဒ်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)**

**(NGB)**



## မိုရာတာအား ခေါ်ယူရန် အေစီမီလန်အသင်း စီစဉ်



**မီလန် ဇူလိုင် ၆**

အေစီမီလန်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူး မိုရာတာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(ဝဲပုံ)**

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ ပွဲ ကစားကာ ၃၆ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူ ရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး မိုရာတာ ကိုယ်တိုင်ကလည်း အက်သလက်တီကိုမက်ဒရစ်အသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ် ရှိနေသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းထံမှ မိုရာတာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## အီသန်အမ်ဘာပေ လိုင်လီအသင်းတွင် ကျောနံပါတ် ၂၉ဂျာစီအား ဝတ်ဆင်ကစားမည်

**ပါရီ ဇူလိုင် ၆**

ကွင်းလယ်ကစားသမားသစ် အီသန်အမ်ဘာပေသည် လိုင်လီအသင်းတွင် ကျောနံပါတ် ၂၉ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် လိုင်လီအသင်းသို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ အီသန်အမ်ဘာပေသည် အနာဂတ်တွင် အစ်ကိုဖြစ်သူ အမ်ဘာပေနည်းတူ ထွန်းတောက်လာမည့် ကစားသမားအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

အီသန်အမ်ဘာပေက "ကျွန်တော် လိုင်လီအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**




## မီဒမ်မာအား သုံးနှစ်စာချုပ်ဖြင့် မန်ချက်စတာစီးတီးအမျိုးသမီးအသင်းက ခေါ်ယူ

**မန်ချက်စတာ ဇူလိုင် ၆**

မန်ချက်စတာစီးတီးအမျိုးသမီးအသင်းသည် အာဆင်နယ်အမျိုးသမီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တိုက်စစ်မှူး မီဒမ်မာအား သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် မန်ချက်စတာစီးတီးအမျိုးသမီးအသင်းနှင့်အတူ ကျောနံပါတ် ၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

တိုက်စစ်မှူး မီဒမ်မာသည် အာဆင်နယ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၂ ပွဲကစားကာ ၁၂၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။



အသက် ၂၇ နှစ်အရွယ်ရှိ မီဒမ်မာက "ကျွန်မကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမည့် ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်အောင် အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

## ကာလာဖီအိုရီ ဘိုလောဂ်နာအသင်းတွင် ဆက်ရှိသွားမည်

**တူရင် ဇူလိုင် ၆**

နောက်ခံကစားသမား ကာလာဖီအိုရီအသင်းတွင် ဆက်ရှိသွားမည်ဖြစ်ကြောင်း ဘိုလောဂ်နာအသင်းက အတည်ပြုခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက စတာလင်ပေါင် သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဘိုလောဂ်နာအသင်းက ပယ်ချခဲ့သည်။




နောက်ခံကစားသမား ကာလာဖီအိုရီသည် ဘိုလောဂ်နာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၃ ပွဲ ကစားပြီး ၂ ဂိုး သွင်းယူထားသည်။

ဘိုလောဂ်နာအသင်းထုတ်ပြန်ချက်တွင် "ကာလာဖီအိုရီ အသင်းမှာဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

### ဘောလုံး သတင်း အတို အထွာ များ

* စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မွန်ဇာအသင်း ဂိုးသမား မီရဲလ်ဒီဂရီဂိုရီယိုအား အငှားစာချုပ်+အပြီးသတ်ခေါ်ယူခွင့်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လိုင်လီ အသင်း နောက်ခံကစားသမား လီနီယိုရိုအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘာစီလိုနာအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်အား အပြီးသတ်ခေါ်ယူသွားဖွယ် ရှိနေသည်။ **(NGB)**

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဇူလိုင် ၆**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါစပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အမေရိကန် တင်းနစ်ကစားသမား Frances Tiafoe အား ၅-၇၊ ၆-၂၊ ၄-၆၊ ၇-၆၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ယာပုံ)(NGB)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့် ပစ္စည်းများ ထုပ်ပိုးနေမှုများကို ကြည့်ရှုအားပေး

**မန္တလေး ဇူလိုင် ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်နိုင်ရေး ပြင်ဆင်ထုပ်ပိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများက စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးပို့နိုင်ရေးအတွက် မြို့တော်စည်ပင်ဌာနအသီးသီးမှ ဝန်ထမ်းများက စနစ်တကျ သေသပ်စွာ ထုပ်ပိုးမှု အဆင့်ဆင့်ကို လိုက်ပါရှင်းလင်းပြသရာ မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ထောက်ပံ့ပေးပို့မည့် စားသောက်ဖွယ်ရာများနှင့်အတူ စိတ်ဓာတ်ခွန်အားပြည့်စေသည့် အားပေးစကားများ၊ ကဗျာ၊ စာတိုများကိုလည်း ရေးသားထည့်သွင်းပါရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀





# မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**ရေနံချောင်း ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြစ်ရေဝင်ရောက်နိုင်သည့် ကျေးရွာများနှင့် ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက်တွင် နေထိုင်သည့် ပြည်သူများ မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးရွာနေပြည်သူများအား မြစ်ရေမှုကြီးမှုအန္တရာယ် ကမ်းပါးပြိုကျမှုအန္တရာယ်တို့မှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့အပြင် ဧရာဝတီမြစ်ကမ်းနံဘေးတစ်လျှောက် မြစ်ရေဝင်ရောက်နိုင်သည့် ကျေးရွာများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ၊ မြစ်၊ ချောင်းများအနီးတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနမှ ထုတ်ပြန်သည့် ရေကြီးမှုသတိပေးချက်များကို စဉ်ဆက်မပြတ် လေ့လာရန်၊ သတိပေးချက်ရရှိပါက ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ရန်၊ ရေကြီးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ၊ မြစ်ရေဝင်ရောက်ပြီးနှင့် ပြန်လည်ကျဆင်းချိန်တွင် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည်သူများသိရှိစေရန် လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၇၂)

# ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသည့် မြေပဲဆန်များ ဝင်ရောက်၊ အရောင်းအဝယ်သွက်

**မန္တလေး ဇူလိုင် ၆**

ဇူလိုင် ပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်သို့ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသည့် မြေပဲဆန်များ ဝင်ရောက်မှုများနေကြောင်း သိရသည်။ တရုတ်ဝယ်လက်မှ ဝယ်ယူမှုရှိသည့်အပြင် ယခုလတ်တလောတွင် မြေပဲဆီကို စားသုံးမှုပိုလာခြင်းတို့ကြောင့် ဆီစက်များမှ ကြိတ်ခွဲမှုများလာပြီး အဝယ်လိုက်လာ၍ မြေပဲဆန်များ အရောင်းအဝယ်သွက်၊ ဈေးမြင့်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

S1 လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ငွေကျပ် ၇၂၀၀မှ ၇၈၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၇၅၀၀ မှ ၇၇၀၀၊ ယခင်လတစ်ပတ် ငွေကျပ် ၇၁၀၀ မှ ၇၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ငွေကျပ် ၁၀၀ မှ ၃၀၀၊ ယခင်လထက် ငွေကျပ် ၅၀၀ ခန့် မြင့်တက်လာသည်။

S1 ဆီဆန်တစ်ပိဿာလျှင် ယခုတစ်ပတ် ငွေကျပ်၇၀၀၀ မှ ၇၄၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၇၁၀၀ မှ ၇၃၀၀၊ ယခင်လတစ်ပတ်ငွေကျပ် ၆၆၀၀မှ ၇၉၀၀ ဖြစ်ခဲ့သည်။ ယခင်တစ် ပတ်ထက် ငွေကျပ် ၁၀၀၊ ယခင် လထက် ငွေကျပ် ၅၀၀ မှ ၆၀၀ ခန့်မြင့်တက်လာသည်။

M တွဲလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ငွေကျပ် ၇၇၀၀ မှ ၇၈၀၀၊ ယခင်တစ်ပတ်ငွေကျပ် ၇၄၀၀ မှ ၇၅၀၀၊ ယခင်လတစ်ပတ် ငွေကျပ် ၇၀၀၀ မှ ၇၁၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ငွေကျပ် ၃၀၀၊ ယခင်လထက်ငွေကျပ် ၇၀၀ ခန့် မြင့်တက်လာသည်။

M တွဲဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ငွေကျပ် ၇၂၅၀ မှ ၇၄၀၀၊ ယခင်တစ်ပတ်ငွေကျပ် ၇၁၀၀ မှ ၇၂၀၀၊ ယခင်လတစ်ပတ် ငွေကျပ် ၆၆၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ငွေကျပ် ၁၅၀ မှ ၂၀၀၊ ယခင်လထက် ငွေကျပ် ၆၅၀ မှ ၈၀၀ ခန့်မြင့်တက်လာခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀





# ဂုဏ်မင်းအင်းကျေးရွာ၌ လျှပ်စစ်ဝါယာရိန်း အခြေခံပြုပြင်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇူလိုင် ၆**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဂုဏ်မင်းကျေးရွာရှိ ဒေသခံကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်ဝါယာရိန်း အခြေခံပြုပြင်နည်းသင်တန်းဆင်းပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာရှိ (SMU) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးသည့် သင်ခန်းစာများကို လက်တွေ့အသုံးချပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်သည်အထိ ကြိုးစားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၄၅)

## ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ရက်ပိုင်းအတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ဟု ခန့်မှန်း



**မန္တလေး ဇူလိုင် ၆**

ဧရာဝတီမြစ် အထက်ပိုင်းမှ တိုးလာသော မြစ်ရေများသည် အောက်ဘက်သို့ စီးဆင်းလာရာမှ လာမည့် ၃ ရက် နှင့် ၅ ရက်ခန့် အကြာတွင် မန္တလေးဆိပ်ကမ်း၌ လက်ရှိရေအမှတ်ထက် ကျော်လွန်၍ စိုးရိမ်ရေအမှတ်(၁၂၆၀ စင်တီမီတာ)သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းထားသည်။

လက်ရှိတွင် ဗန်းမော်၊ ရွှေကူ နှင့်ကသာတို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အထက် ရောက်ရှိနေပြီး လာမည့်ရက်များတွင် သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူဆိပ်ကမ်းတို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်သည်ဟုဆိုသည်။

"ဒီနေ့ညနေမှာ မန္တလေးမှာ မြစ်ရေအမှတ် ၁၀၁၆ စင်တီမီတာ ရောက်လာတော့ မနေ့ကထက် နှစ်ပေနီးပါး မြစ်ရေတိုးလာတယ်။ မန္တလေးဆိပ်ကမ်းစိုးရိမ်ရေအမှတ်က ၁၂၆၀ စင်တီမီတာ(၄၁ ဒသမ ၃၄ ပေ)ဖြစ်တာကြောင့် စိုးရိမ်ရေအမှတ်ရောက်ဖို့ ၈ ပေခန့်ပဲ လိုပါတယ်။ မန္တလေးဆိပ်ကမ်းမှာ ၂၀၂၃ ခုနှစ်အထိ ၅၆ နှစ်အတွင်း စိုးရိမ်ရေအမှတ်ကျော်လွန်ခဲ့တာ ၁၆ နှစ်ရှိခဲ့တယ်"ဟု ၎င်းကပြောသည်။

ယနေ့မြစ်ရေတိုင်းထွာချက်များအရ မြစ်ကြီးနားတွင် စိုးရိမ်ရေအမှတ်အောက် ၈ ပေခန့် ရောက်ရှိသွားပြီး ၎င်းဒေသမှ အောက်ဘက်သို့ စီးဆင်းလာသောကြောင့် ဗန်းမော်မြို့၌ စိုးရိမ်ရေအမှတ်အထက် ၄ပေခန့်၊ ရွှေကူမြို့၌ စိုးရိမ်ရေအမှတ်အထက် ၃ ပေခန့်၊ ကသာမြို့၌ စိုးရိမ်ရေအမှတ်အထက် တစ်ပေကျော်ခန့်တွင် ရောက်ရှိနေသည်။

"မြစ်ရေစီးဆင်းလာတဲ့ လမ်းတစ်လျှောက်မှာ မြစ်ချောင်းတွေ၊ မြစ်လက်တက်တွေထဲ ခွဲထွက်သွားတာမျိုးလည်းရှိတယ်။ မန္တလေးမှာ တစ်ရက်ကို တစ်ပေ နီးပါး တိုးလာတာတွေ့ရတယ်။ ဒီနေ့ညနေက သပိတ်ကျင်းမှာ စိုးရိမ်ရေအမှတ်အောက် ၅ပေခန့်မှာ ရှိနေပြီး နှစ်ရက်အတွင်း စိုးရိမ်ရေအမှတ်ရောက်နိုင်တယ်။ သပိတ်ကျဉ်းပြီးရင် မန္တလေးဆိပ်ကမ်းဘက် ရောက်လာမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ညနေ ဖြနာရီခွဲ မြစ်ရေအမှတ်များမှာ ဗန်းမော်မြို့တွင် ၁၂၇၅ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာ)၊ ရွှေကူမြို့တွင် ၁၀၂၀ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၉၃၀ စင်တီမီတာ)၊ ကသာမြို့တွင် ၁၁၀၀ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၁၀၄၀ စင်တီမီတာ)၊ သပိတ်ကျင်းမြို့တွင် ၁၃၆၇ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၁၄၈၀စင်တီမီတာ)မန္တလေးဆိပ်ကမ်းတွင် ၁၀၁၆ စင်တီမီတာ (စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာ)နှင့် စစ်ကိုင်းမြို့တွင် ၉၂၇ စင်တီမီတာ(စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာ)သို့ ရောက်ရှိနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေး

**မန္တလေး ဇူလိုင် ၆**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၄ ရက်က ကျောက်ကပ်ရောဂါဖြင့် ဆေးကုသမှုခံယူနေသော အောင်မြေသာစံမြို့နယ်နေ ဒေါက်တာတင်မောင်ထွန်း(မြန်မာစာ)အား နေအိမ်သို့သွားရောက်၍ ကျန်းမာရေးထောက်ပံ့ငွေကျပ်(၁)သိန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့မှကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် MedicalCheckUp ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

## ကျေးလက်စီးပွားမြင့်မားစေရေး ရန်ပုံငွေထူထောင်ခြင်းအတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီများ ဖွဲ့စည်း

**ကျောက်ဆည် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အသေးစား၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတနှင့် နည်းပညာများရရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ အလတ်စားစီးပွားရေး လုပ်ငန်းများ ပိုမိုအားကောင်းဖွံ့ဖြိုးလာစေရန်၊ အသက်မွေးဝမ်းကျောင်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေရန်၊ ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးရွာတစ်ရွာထွက်ကုန်တစ်မျိုး လုပ်ငန်းများ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက ဟံမြင့်မိုရ် ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားစေရန် ရန်ပုံငွေထူထောင်ခြင်းအတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီများဖွဲ့စည်းခဲ့သည်။

စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်အောင်က ကျေးလက်စီးပွားမြင့်မားစေရေး ငွေကြေးအရင်းအနှီးများရရှိလာခြင်းကြောင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားလုပ်ငန်းများဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းနည်းပညာများနှင့် ငွေကြေးစီမံခန့်ခွဲမှုနည်းပညာများရရှိခြင်းကြောင့် မိသားစုဝင်ငွေတိုးပွားခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာခြင်းနှင့် အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်သည့် အလေ့အကျင်းကောင်းများရရှိလာခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ် ဖွံ့ဖြိုးမှုအားကောင်းလာခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများ ဖွံ့ဖြိုးလာခြင်းအပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှု အစီအစဉ်များကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ထို့နောက် ကျေးရွာလုပ်ငန်းကော်မတီများဖွဲ့စည်းခဲ့ပြီး ကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၅)



## ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၉၅၆၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ အစေ့ထုတ်ပြောင်းစိုက်ပျိုးရန် ၁၄၉၉၅ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၉၅၆၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် အစေ့ထုတ်ပြောင်းစိုက်ပျိုးဖို့ ဧက ၁၄၀၀၀ ကျော်လျာထားပြီး ဇွန်လကုန်အထိ ဧက ၉၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပြောင်းစိုက်ခင်းများ ဖောင်မြောင်တောင်ပိုးကျရောက်မှုကာကွယ်ရေးအတွက် ဘက်စုံသီးနှံကာကွယ်ရေးစနစ်များဖြစ်တဲ့ တမာပိုးသတ်ဆေး၊ ဂျင်း(ချင်း) ငရုတ်ပိုး၊ ဆေးနှင့် ပိုးသတ်ဆေးတစ်လှည့်စီ အသုံးပြုနှိမ်နင်းကြရန် လိုပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းကို မိုးရာသီ၌ အဓိကထားစိုက်ပျိုးကြကြောင်း၊ ယာမြေဧက ၄၈၀၀၀ ကျော်ရှိပြီး ယခုနှစ်မိုးအစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)(၄၈၀)



## နယ်ပယ်ဒေသအသီးသီးမှ ကွမ်းရွက်များ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာ

နယ်ပယ်ဒေသအသီးသီးမှ ကွမ်းရွက်များ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ကွမ်းရွက်ဈေးနှုန်းများကျဆင်းလာကြောင်း မန္တလေးမြို့ ကွမ်းရွက်ဒိုင်များထံက သိရသည်။

ဈေးကွက်အတွင်း အရေအတွက်များ များဝင်ရောက်လာခြင်းကြောင့် ကွမ်းတစ်ပိသာလျှင် ယခင်က အမြင့်ဆုံး ဈေးနှုန်း ငွေကျပ် သုံးသောင်းခန့်မှ ယခုအခါ တစ်သောင်းကျော်ခန့်အထိ ဈေးနှုန်းကျဆင်းလာသည်။

"နယ်ပယ်ဒေသအသီးသီးက ကွမ်းရွက်ခူးတဲ့အချိန်ဖြစ်သလို ဒီနှစ်က ထွက်နှုန်းလည်းကောင်း ဈေးကွက်ထဲကို ဝင်ရောက်မှုများတဲ့အတွက် ဈေးနှုန်းတွေက ကျဆင်းလာတာဖြစ်ပါတယ်။ အဝင်များလာရင်တော့ ဈေးနှုန်းဒီထက်နည်းနည်းထပ်ကျဖို့ရှိတယ်" ဟု ကွမ်းရွက်ဒိုင် ဦးသိန်းနိုင်က ပြောသည်။

ယခင်လများက ကွမ်းခြံများတွင် ပိုးဝင်ရောက်ပြီး အထွက်နှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ကွမ်းရွက်ဈေးနှုန်းမှာ အမြင့်ဆုံးဈေးနှုန်းအထိ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး တစ်ပိသာငွေကျပ်သုံးသောင်းဝန်းကျင်အထိ မြင့်တက်ခဲ့သည်။

ကွမ်းရွက်ဈေးနှုန်းများမှာ စိုက်ပျိုးသည့်နေရာဒေသအလိုက် ကွမ်းရွက်အရည်အသွေး ကွာခြားမှုရှိပြီး ဈေးနှုန်းမှာလည်း ပြောင်းလဲမှုရှိကြောင်း၊ ထို့ပြင် ထုတ်လုပ်မှု ကုန်ကျစရိတ်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ကွမ်းပင်များအား မန္တလေး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ်တွင်တွင်ကျယ်ကျယ် စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီးနှင့် ကျန်သည့် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုလုပ်ဆောင်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၇)

၁၉၉၀ ပြည့်နှစ် မန္တလေးယဉ်ကျေးမှုဂျာနယ်နှင့် ရွှေဝတ်ရည်မဂ္ဂဇင်း ထွက်ရှိတော့မည်ဟူသော သတင်းကြားပြီးကတည်းက ကျွန်တော်ခါတိုင်းထက် ကဗျာတွေ ပိုရေးဖြစ်လာသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၈၉ ခုနှစ်တွင် မဂ္ဂဇင်းစာစောင်ထုတ်ဝေမှုများ ပို၍သက်ဝင်လာကြသည်။ စာပေလှုပ်ရှားမှုများ၊ တွေ့ဆုံပွဲများမှာလည်း (မန္တလေး၊ ရန်ကုန်)ပို၍ စိတ်လာသည်။


မန္တလေးတွင် အများအားဖြင့် အမရပူရတောင်သမန် တောင်လေးလုံးကျောင်းတွင် အများဆုံးလုပ်သည်။ တစ်ခါတစ်ရံလူထုစာအုပ်တိုက်တွင် ပြုလုပ်သည်။ ယခုခေတ်လို လက်ဖက်ရည်ဆိုင်များ၊ ခန်းမများ၊ မီဒီယာဆက်သွယ်ရေးနေရာများတွင် မပြုလုပ်သေးချေ။


ထိုစဉ်က လက်ဖက်ရည်ဆိုင်များ၌ ကဗျာဆရာများ၊ စာရေးဆရာများ ကိုယ်နှစ်သက်ရာ အဆင်ပြေရာ လက်ဖက်ရည်ဆိုင်တွင် ကိုယ်အုပ်စုနှင့်ကိုယ် လက်ဖက်ရည်သောက်ရင်း ကဗျာအကြောင်း၊ စာအကြောင်း ပြောဖြစ်ကြသည်။ သီးသန့်စာပေဆွေးနွေးပွဲ၊ တွေ့ဆုံပွဲဟူ၍ သတ်သတ်မှတ်မှတ် ပြုလုပ်ခြင်းမရှိပါ။

မန္တလေးမြို့တောင်ဘက် 'အင်းဝ'လက်ဖက်ရည်ဆိုင်တွင် တောင်ပိုင်းရှိ စာရေးဆရာ၊ ကဗျာဆရာများ ထိုင်ဖြစ်သည်။ ကျွန်တော်၊ အောင်ဂျမ်း၊ နေမျိုးတို့နှင့်'အင်းဝ'ဆိုင်ကို မကြာမကြာ သွားထိုင်ဖြစ်သည်။ ယင်းဆိုင်တွင် ကိုငြိမ်းချမ်း(မန်း)၊ အနှစ်(နဘူးအိုင်)၊ ဖေသစ်မော်၊ မောင်ချယ်ဦး၊ ကိုသင်းပန်၊ ကိုသင်းဝေ၊ ကိုငြိမ်း(မန္တလေး)၊ ကိုနီမောင်၊ ခင်အောင်ဝင့်၊ ငြိမ်းသစ်၊ ပြည့်ဖြိုးသီ၊ တင်ငြိမ်းနီ၊ မောင်သစ်နီ(အင်းဝ)၊ ရာစိုး(လူမှု)၊ မောင်မြတ်မိုင်း၊ နေမော်ဟိန်း၊ စိုးလှူ(ဝင်းဆောင်) အစရှိသူတို့ တွေ့ရတတ်သည်။

လူထုစာအုပ်တိုက်မှ စာရေးဆရာများကတော့ 'မုတ်ဆိတ်'လက်ဖက်ရည်ဆိုင် အထိုင်များသည်။ တစ်ခါတစ်ရံဝင်းလိုက်ရုပ်ရှင်ရုံရှေ့ရှိ 'မန်းမြို့တော်' လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။

ဈေးချိုအနီးတစ်ဝိုက်၊ မြောက်ပြင်နှင့် ဇရာဝတီမြစ်ဘေး ပိုက်ကျုံးဘက်မှ ကဗျာဆရာများကတော့ ဈေးချိုအနီး 'မျက်သွယ်'လက်ဖက်ရည်ဆိုင် အထိုင်များကြသည်။ မျက်သွယ်လက်ဖက်ရည်ဆိုင်တွင် ကဗျာဆရာများနှင့်အတူ ဆရာနတ်မောက်ထွန်းရှိန်ကို အတွေ့များသည်။ 'မျက်သွယ်' လက်ဖက်ရည်ဆိုင်မှာ ကိုထွန်းဦး စာအုပ်ဆိုင်နှင့်လည်း နီးသဖြင့် နယ်မှလာသော ပလိပ်၊ အင်းဝ၊ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ စစ်ကိုင်း အစရှိသော မြို့များမှ စာရေးဆရာ၊ ကဗျာဆရာများလည်း ထိုင်ဖြစ်ကြသည်။





၁၉၉၀ပြည့်နှစ် ဇီသင်္ကြန် ဘသွေး

ရန်ကုန်မှလာသော အယ်ဒီတာ၊ စာရေးဆရာ၊ ကဗျာဆရာများ မန္တလေးမှ ကဗျာဆရာ၊ စာရေးဆရာများနှင့် တွေ့ဆုံချင်သည့်အခါ 'မျက်သွယ်' လက်ဖက်ရည်ဆိုင်တွင် စုရပ်အဖြစ် တွေ့ဆုံဖြစ်ကြသည်။

တစ်ရက်တွင် မတွေ့ရသည်မှာ ကြာပြီဖြစ်သော ကိုခင်ဇော်(ကာတွန်းလေရူး၊ ကောင်းဇော်) အိမ်ရောက်လာသဖြင့် ရွှေဝတ်ရည်မဂ္ဂဇင်းနှင့် မန္တလေးယဉ်ကျေးမှုဂျာနယ် ထွက်ရှိမည့်အကြောင်း ပြောပြမိသည်။ ကိုခင်ဇော်က ထိုအကြောင်းကို ကြားသိပြီးဖြစ်သဖြင့် ရွှေဝတ်ရည်မဂ္ဂဇင်း မည်သူတွေ အယ်ဒီတာလုပ်မှာလဲဟု ကျွန်တော့ကို မေးသည်။

'ကျွန်တော်သိသလောက်ကတော့ အယ်ဒီတာချုပ်က ဆရာကြီး မြမျိုးလွင်ရဲ့သား ဒေါက်တာမောင်မောင်(မောင်ဆင်ခြင်)လုပ်မယ်၊ နောက် တာဝန်ခံအယ်ဒီတာကတော့ ဆရာမောင်သစ်လွင်(လူထု)ပဲ။ ကဗျာအယ်ဒီတာက ကိုနီမောင်(အင်းဝ)နဲ့ ကိုငြိမ်းပဲ။ မဂ္ဂဇင်းမျက်နှာဖုံး၊ အလှဓာတ်ပုံနဲ့ အတွင်းဓာတ်ပုံတွေကို မောင်မောင်ကြီး(ရွှေကမ္ဘာ)၊ ပန်းချီဝိုးဝင်းငြိမ်း၊ မောင်မောင်ချိုဦး(ဒီဇိုင်း)တို့ ဝိုင်းကြလိမ့်မယ်'

'မန္တလေး ယဉ်ကျေးမှုဂျာနယ်ကတော့ စာစောင်ဆိုတော့ ဆရာနတ်မောက်ထွန်းရှိန်ပဲ ဆိုတာတော့ သိပါတယ်'ဟု ကိုခင်ဇော်က ပြန်ပြောသည်။

ကျွန်တော်နှင့် ကိုခင်ဇော်လည်း မျက်သွယ်လက်ဖက်ရည်ဆိုင် အတူသွားပြီး ဆရာနတ်မောက်ထွန်းရှိန်နှင့်တွေ့ကာ စာမူသွားပေးသည်။ ဆရာနတ်မောက်ထွန်းရှိန်က မျက်သွယ်သို့လာသော ကဗျာဆရာ၊ စာရေးဆရာများထံမှလည်း စာမူများ ပေးကြဖို့ တောင်းဆိုသည်။ ထိုစဉ်ကာလမှာ ပျော်စရာ အလွန်ကောင်းသောကာလဟု ဆိုရပေမည်။

၈၄လမ်းက ကမ္ဘာ့အေးဆေးတိုက် ဆရာမဒေါ်နုနုယဉ်(မေသျှီသျှား)နှင့် ခင်ပွန်းဖြစ်သူ ဦးကျော်မင်းတို့အိမ်သို့သွားပြီး ကဗျာစာမူများ သွားပေးရာ ကိုနီမောင်၊ ကိုသင်းဝေတို့က ဆရာမောင်သစ်လွင်(လူထု)နှင့် မိတ်ဆက်ပေးရာ ဆရာမောင်သစ်လွင်(လူထု)၏ ပြုံးရွှင်သောမျက်နှာ၊ ချိုသာသောစကားသံတို့ဖြင့် ပို၍ရင်းနှီးခင်မင်ခဲ့ရသည်။

၁၉၉၀ ပြည့်နှစ် နှစ်သစ်မှာပဲ ရွှေဝတ်ရည်မဂ္ဂဇင်း၊ အမှတ်(၁) အောင်မြင်စွာ ထွက်ပေါ်လာခဲ့ပါသည်။ မဂ္ဂဇင်း အမှတ်(၁)တွင် ကျွန်တော်၏ ကဗျာ အဖွင့်စာမျက်နှာမှ ဖော်ပြပါရှိခဲ့၍ ဝမ်းသာကြည်နူးရပါသည်။ ကာတွန်း၊ ပန်းချီဆရာ ကိုကံချွန်၏ သရုပ်ဖော်ပုံနှင့်ဖြစ်သည်။ ကျွန်တော်၏ကဗျာမှာ ၁၉၈၉ ခုနှစ် စက်တင်ဘာလတွင် ရေးခဲ့သော ကဗျာဖြစ်သည်။ ခေတ်ပေါ်(မော်ဒန်)အရေးအဖွဲ့ ဖြစ်သည်။ ကဗျာခေါင်းစဉ်မှာ 'ငါ့ရင်ထဲက ပက်လက်ကုလားထိုင်' ဖြစ်သည်။

**ငါ့ရင်ထဲက ပက်လက်ကုလားထိုင်**

(၁)

* ငါ့မှာ …
ခြေထောက်လေးချောင်းပါတဲ့
ပက်လက်ကုလားထိုင်တစ်လုံးရှိခဲ့ဖူးတယ်။

(၂)

* အဲဒီ …
ပက်လက်ကုလားထိုင်ပေါ်မှာပဲ
စကြာဝဠာကို လမ်းလျှောက်မယ့်
အလိုအလျောက် မွေးတဲ့ပန်းတွေ
အံ့မခန်း ပွင့်ခဲ့တယ်။

* အဲဒီ …
ပက်လက်ကုလားထိုင်ပေါ်မှာပဲ
မိုးတိမ်တွေကို နမ်းရှိုက်မယ့်
ဂျင်းအင်္ကျီဝတ် တောင်တန်းတွေ
အံ့မခန်း မြင့်မားခဲ့တယ်။

* အဲဒီ …
ပက်လက်ကုလားထိုင်ပေါ်မှာပဲ
အရိပ်မိုးပေးနိုင်မယ့်
အစိမ်းရောင် ထီးဆောင်းသစ်ပင်တွေ
အံ့မခန်း ရှင်သန်ခဲ့တယ် ။

* အဲဒီ …
ပက်လက်ကုလားထိုင်ပေါ်မှာပဲ
လေနုအေးကို ဖန်ဆင်းမယ့်
ပြာလဲ့ရင်းနှီးတဲ့
ညနေခင်း ပင်လယ်တွေ
အံ့မခန်း စီးဆင်းခဲ့တယ် ။

* အဲဒီ …
ပက်လက်ကုလားထိုင်ပေါ်မှာပဲ
ငြိမ့်ငြိမ့်ကလေး ပျံသန်းမယ့်
အတောင်ပံမဲ့ငှက်တွေ
အံ့မခန်း ပျံသန်းခဲ့တယ်။

(၃)

* အခုအခါ …
ငါ့မှာ … အဲဒီပက်လက်ကုလားထိုင်
ယိုင်ရွဲ့အိုမင်းခဲ့ပေါ့ ။
ဒါပေမယ့်
အဲဒီပက်လက်ကုလားထိုင်ရဲ့ ရသ
(ဟိုတုန်းကလို …)
ရင်ခုန်တသ
ခံစားလို့ ရသေးတယ် ။ ။

**သွယ်အောင်**

ရွှေဝတ်ရည်မဂ္ဂဇင်း အမှတ်(၁)တွင် ဖော်ပြပါရှိသောကဗျာများထဲမှ ဆရာမျိုးမြင့်ဆွေ၏ 'ယပ်တောင်(၃)ချောင်း' ကဗျာကို အမှတ်ထင်ထင် သတိရနေမိသည်။ အကြောင်းအရာမှာ ရိုးရိုးစင်းစင်း ဖြစ်သည်။ နာမည်ပေးကင်းပွန်းတပ်၊ မင်္ဂလာဆောင် ကမ်းခဲ့သော 'ယပ်တောင်'၊ အလှူမင်္ဂလာပွဲတွင် ကမ်းခဲ့သော 'ယပ်တောင်'၊ ကွယ်လွန်ချိန်နာရေးတွင် ကမ်းခဲ့သော 'ယပ်တောင်'သုံးချောင်းကို သတိသံဝေဂရဖွယ် လှပစွာ ရေးဖွဲ့ခဲ့သော ကဗျာဖြစ်သည်။ ကျွန်တော့်ကဗျာနှင့် ရှေ့နောက်ကျော်ကပ် ဖော်ပြခဲ့သည်။

ရွှေဝတ်ရည်မဂ္ဂဇင်းနှင့် ရှေ့ဆင့်နောက်ဆင့် ဆရာနတ်မောက်ထွန်းရှိန်၏ မန္တလေးယဉ်ကျေးမှုဂျာနယ်လည်း ထွက်ရှိလာခဲ့သည်။ စာစောင်အမှတ်(၁)၊ အမှတ်(၂)တွင် ကျွန်တော့်ကဗျာ မပါရှိသေးပေ။ စာစောင်အမှတ်(၃)၊ ၁၉၉၀ ပြည့်နှစ် ခါသင်္ကြန်အထူးထုတ်တွင် ကျွန်တော့်ကဗျာ၊ ကျွန်တော်ကိုယ်တိုင် ရေးဆွဲပေးခဲ့သော သရုပ်ဖော်ပုံနှင့် ဖော်ပြပါရှိခဲ့သည်။ 'အချစ်ကို မေ့ဆေးပေးခြင်း'ခေါင်းစဉ်ဖြင့် ရေးခဲ့သောကဗျာဖြစ်သည်။

**သွယ်အောင်**



# ရုပ်ရှင်ကဏ္ဍ ရွှက်နဝေ

## အောက်ဆီဂျင်

ရုပ်ရှင်ချစ်ပရိသတ်တွေ အတွက် ဒီတစ်ပတ်မှာတော့ အချစ်၊ Drama ဇာတ်လမ်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေ အတွက် 'အောက်ဆီဂျင်' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားထဲမှာ နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မြင့်မြတ်၊မိုးအောင်ရင်၊အကယ်ဒမီ ရွှေမှုန်ရတီ၊ ရဲအောင်၊ နေနော်၊ နေရဲ၊ ဆောင်းဝတ်ရည်မေ၊ နေဆန်း၊ အောင်ခိုင်၊ ဦးဝင်းမြိုင်၊ မင်းသစ်၊ အောင်တိုး၊ စန်းယုနဲ့ အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပါတယ်။




'အောက်ဆီဂျင်' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာနေပိုင်၊ ဇာတ်လမ်း ခနွတ္တိုကြိုဇော်၊ ဇာတ်ညွှန်း ဒီရေလှိုင်း၊ မအေးအေးဝင်းစီစဉ်သည်၊ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးတို့က အချစ်၊ ဒရမ်မာကြီးကို ရသမြောက်စွာ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များနဲ့အတူ ရိုက်ကူးပုံဖော်ထားပါတယ်။

ဘဝမှာ အရမ်းချစ်ရတဲ့ငယ်သူငယ်ချင်း၊ ဘာဖြစ်ဖြစ်ဖေးမကူညီတတ်တဲ့ သူငယ်ချင်း၊ ကိုယ်ယုံကြည်ရတဲ့ အချစ်ဆုံးသူငယ်ချင်းက မထင်မှတ်ဘဲ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားရာကနေ အချစ်တစ်ခုကြောင့် စည်းဖောက်မိသွားသောအခါ အချစ်နဲ့ဘဝကြားက လောင်တဲ့မီးတွေ ဘယ်လောက်ထိ တောက်လောင်မလဲဆိုတာကို မင်းသားနှစ်ယောက်ရဲ့အပြိုင်သရုပ်ဆောင်ချက်တွေကို အချစ်၊ အကြမ်း၊အက်ရှင်ဇာတ်ကွက်တွေနဲ့ တင်ဆက်ထားပါတယ်။

လူငယ်အချစ်၊ ဒရမ်မာဇာတ်ကားဖြစ်တာကြောင့် ဒရမ်မာကားကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက်တော့ တကယ်ကိုကြည့်ရှုဖို့ကောင်းတဲ့ အချစ်ဇာတ်ကားကောင်းတစ်ကား ဖြစ်ပါတယ်။ 'အောက်ဆီဂျင်'ဇာတ်ကားကို မန္တလေးမြို့မှာဆိုရင်တော့ ဝင်းလိုက်၊ Mingalar Cinema Central Point, Mingalar Masoeyein Complex , Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

# စက်သုံးဆီ 92,95 Ron ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာ

**မန္တလေး ဇူလိုင် ၆**

စွမ်းအင်ဝန်ကြီးဌာနထုတ်ပြန်သော ဈေးနှုန်းအချက်အလက်များကို အခြေခံ၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချသူများအသင်းက ဇူလိုင် ၅ ရက်တွင် ထုတ်ပြန်ခဲ့သော စက်သုံးဆီဈေးနှုန်းများအရ 92,95 Ron စက်သုံးဆီအမျိုးအစားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်သုံးဆီဈေးနှုန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများကို ထုတ်ပြန်ပေးလျက်ရှိသည်။

ဇူလိုင် ၂ ရက် စက်သုံးဆီလက်ကားဈေးနှုန်းများမှာ ရန်ကုန် 92 Ron ၂၆၅၅ ကျပ်၊ 95 Ron ၂၇၉၀ ကျပ်၊ HSD(500ppm) ၂၄၆၅ ကျပ်၊ HSD(50ppm) ၂၈၉၅ ကျပ်၊ HSD(10ppn) ၂၈၉၅ ကျပ်၊ မန္တလေး 92 Ron ၂၇၃၀ ကျပ်၊ 95 Ron ၂၈၆၅ ကျပ်၊ HSD(500ppm) ၂၅၄၀ ကျပ်၊ HSD(50ppm) ၂၉၇၅ ကျပ်၊ HSD(10ppn) ၂၉၇၅ ကျပ်ရှိကြောင်း သိရသည်။

ဇူလိုင် ၅ ရက် စက်သုံးဆီလက်ကားဈေးနှုန်းများမှာ အထက်ပါ ထုတ်ပြန်ဈေးနှုန်းများဖြစ်သည့် ရန်ကုန် 92 Ron ၂၆၈၅ ကျပ်၊ 95 Ron ၂၈၁၅ ကျပ်၊ HSD(500ppm) ၂၄၈၅ ကျပ်၊ HSD(50ppm) ၂၉၁၅ ကျပ်၊ HSD(10ppn) ၂၉၁၅ ကျပ်၊ မန္တလေး 92 Ron ၂၇၆၅ ကျပ်၊ 95 Ron ၂၈၉၅ ကျပ်၊ HSD (500ppm) ၂၅၆၀ ကျပ်၊ HSD(50ppm) ၂၉၉၀ ကျပ်၊ HSD(10ppn) ၂၉၉၀ ကျပ်ရှိကြောင်း သိရသည်။

ဇူလိုင် ၅ ရက် စက်သုံးဆီလက်လီဈေးနှုန်းများမှာ တစ်လီတာလျှင် မန္တလေးဈေးကွက်အတွင်း 92 Ron ၂၆၂၄ ကျပ်၊ 95 Ron ၂၇၅၅ကျပ်၊ HSD (500ppm) ၂၄၂၁ ကျပ်၊ HSD (50ppm) ၂၈၄၆ ကျပ်၊ HSD (10ppn)၂၈၄၆ ကျပ်ရှိကြောင်း သိရသည်။

လက်ရှိထုတ်ပြန်ထားသောဈေးနှုန်းများမှာ MOPS ဈေးနှုန်းများအပေါ်တွင် အခြေခံတွက်ချက်ကာ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဖုန်းနံပါတ်များဖြစ်သည့် ၀၆၇-၄၁၁၃၇၃၊ ၀၆၇-၄၁၁၂၈၂၊၀၉-၇၇၅၂၉၃၆၃၂၊ ၀၉-၂၅၄၆၂၅၄၇၇ သို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ရ)




ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့ ။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သမဝါယမနေ့

\- - - - - - -

* ပြည်သူအများ စားသောက်မှု
ကျိုးဆောင်ပြု ရည်မှန်းကာ
ဖွဲ့စည်းခဲ့တာ ။
တစ်ရာ့နှစ်နှစ် ပြည့်မြောက်လာ
ခေတ်ရှည်ကြာ မြန်ပြည်တစ်လွှား ။
ဇူလိုင်လ ခြောက်ရက်နေ့ရယ်လို့
သတ်မှတ်၍ထား ။

* သမဝါယမ ဝန်ထမ်းများ
မရပ်နား ရှက်ဆောင်နေ
ဈေးနှုန်းမျှဝေ ။
စားသုံးသူတို့ သက်သာစေ
ထုတ်ချေးငွေ ထောက်ပံ့မှု ။
အလွှာမခြား တန်းတူရေး
အလေးပေးဆောင်ပြု ။

* သမစိတ္တ လုပ်ငန်းစု
ဖော်ဆစ်ထု စနစ်တည်
ကောင်းမြတ်လှသည် ။
ဇူလိုင်လ ခြောက်ရက်မည်
သတ်မှတ်ရည် သမဝါယမနေ့ ။
တို့မြန်ပြည် ခေတ်အရှည်ဆက်ပါလို့
ဦးရှက်ဆောင်လေ့ ။ ။

**သူ့ထက်ဆန်း(မန္တလေး)**

# မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှကြီးမှူး မျိုးဆက်သစ်ကစားသမားများ ရွေးချယ်

**မန္တလေး ဇူလိုင် ၆**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှကြီးမှူး၍ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်၍ အောင်မြင်မှုများရရှိစေရန် အထက်မြန်မာပြည်(မန္တလေး) ဝန်းကျင်မျိုးဆက်သစ် ပိုက်ကျော်ခြင်း ကစားသမားများရွေးချယ်ခြင်းကို ဇူလိုင် ၃ ရက်နှင့် ၄ ရက်များက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊လမ်း ၃၀ ရှိ ဗထူးမိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

မျိုးဆက်သစ်ကစားသမားများ ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အမှုဆောင်များ၊ နည်းပြများ၊မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းဆပ်ကော်မတီဝင်များ တက်ရောက်ကြပြီး မန္တလေးမြို့နှင့် မြန်မာပြည်အထက်ပိုင်းမြို့နယ်များမှ လူငယ်ပိုက်ကျော်ခြင်း ကစားသမားများ လာရောက်ခတ်ကစားပြ၍ ထူးချွန်ကစားသမားများအား ပဏာမရွေးချယ်ခဲ့ကြသည်။ ရွေးချယ်ခံရသော လူငယ်ကစားသမားများအား ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

## သတင်းပဒေသာ

### စာပေချစ်မြတ်နိုးသူများအဖွဲ့ စာဖတ်ဝိုင်းကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် စာပေချစ်မြတ်နိုးသူများအဖွဲ့ (Book Club)၏ စာဖတ်ဝိုင်းကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီအားကစားပြိုင်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့်အတူ ကိုယ်ကာယစွမ်းရည်များ ပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ မိုးရာသီအားကစားပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၊ အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှီးဆော်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများကို ယမန်နေ့ မွန်းလွဲပိုင်းက နကျားထူးကျေးရွာ၊ ဘူတာကျေးရွာနှင့် ဘုန်းတော်ပြည့်ကျေးရွာသို့ လိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစံပြကျေးရွာ(Smart Village) ထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကောင်းဘို့ကျေးရွာအုပ်စု၊ စမ်းရေဦးကျေးရွာမွေ့ာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေးဟောပြော

အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် အခြေခံပညာမူလတန်း(ဟိုနောင်အွမ်)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲက တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဦးပွားဆုတောင်းပြည့်စေတီတော်ကြီး ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အစည်းအဝေး ကျင်းပ



**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ဦးပွားဆုတောင်းပြည့်စေတီတော်ကြီး၏ ရွှေထီးတော်နှင့် လုံးတော်ပြည့်တို့တွင် ရွှေရောင်ကွာမေးမှိန်နေ၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ဦးပွားဘုရားအတွင်းရှိ သာသနဝိပုလ သိမ်တော်ကြီး၌ အစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ကြွရောက်တော်မူ၍ ဦးပွားဘုရားဂေါပကအဖွဲ့နှင့် ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီးနောက် ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(ငြိမ်း)ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ(တိုက်အုပ်)(အဘိဇမဟာရဋ္ဌဂုရု)နှင့် ဆရာတော်များမှ ဦးပွားဘုရားဂေါပကအဖွဲ့အား စေတီတော်ကြီး ရဟန်းရှင်လူ ပြည်သူအပေါင်း ကြည်ညိုဖွယ်ရာဖြစ်စေရန် ပြုပြင်မွမ်းမံကြဖို့ ဩဝါဒစကား မိန့်ကြားတော်မူသည်။

ထို့နောက် ဦးပွားဘုရားဂေါပကအဖွဲ့မှ ဆရာတော်ကြီး၏ ဩဝါဒစကား လိုက်နာခံယူပြီး စေတီတော်ကြီးကို ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် လုံးတော်ပြည့်တို့အား အသစ်တဖန် ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ရန် ဆောင်ရွက်ပါမည်ဟု ပြန်လည်လျှောက်ထား၍ အခမ်းအနားအား စိရုံတို့ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(ဝ၄၆)

## မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဇူလိုင် ၆**

မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရေးနှင့် ချိတ်ဆွဲရန်ရတနာပစ္စည်းများ၊ ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ်နေ ဦးဇော်မင်းအောင်+ဒေါ်ခင်စန္ဒာ(အောင်တံခွန်ရွှေဆိုင်း)မိသားစုက မဟာမုနိဘုရား ဘက်စုံပြုပြင်ရန်ငွေကျပ်သိန်း ၂၀ ကို မဟာမုနိဘုရား မိုးကောင်းဓမ္မာရုံတွင် လာရောက်လှူဒါန်းရာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော် ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များ အနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 08730206100449101 နှင့် UAB Bank ငွေစာရင်းအမှတ် 017130100012259 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကဆ)**

## ဆင်မင်းကျောင်းဆရာတော်ကြီးထံသို့ ဦးပွားဂေါပကအဖွဲ့ အလှူငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)တိုက်အုပ်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှုဆေးဝါးများအတွက် ဇူလိုင် ၃ ရက် ညနေ ၄ နာရီက ဦးပွားဘုရားဂေါပကအဖွဲ့ နာယက ဆရာကြီး ဦးတင်မောင်(သူရိန်နန်း)၊ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးသက်နိုင်ယု၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင် ဦးဇင်မင်းလွင်၊ ဦးရဲလင်းထက်တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆရာတော်မှ မေတ္တာသုတ်တရားတော်နှင့် ဩဝါဒများ ချီးမြှင့်ပေးတော်မူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(ကဆ)





## သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ သမိုင်းဝင် မဟာသကျသီဟဘုရားဝင်းအတွင်းရှိ လျောင်းတော်မူဘုရားတွင် ပြုလုပ်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး ဆုတောင်းမေတ္တာပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး လျောင်းတော်မူဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက မဟာသကျသီဟဘုရား ဘက်စုံပြုပြင်ရေး အလှူငွေများပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)
(ကဆ)

*—*—*—*—*

# ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်




ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး မီဒီယာများမေးမြန်းထားတာကို ပြန်လည်ပြောကြားသွားပါမယ်။ စဖြစ်တာကတော့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျူးကျော်ရပ်ကွက်မှာဖြစ်ပါတယ်။ အဲဒီမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေတယ်ဆိုပြီး သတင်းရရှိခဲ့ပါတယ်။ ဒါကြောင့် ဇူလိုင် ၃ ရက်က သွားရောက်စစ်ဆေးတဲ့အခါမှာ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာ ဖြစ်ပွားသူ ၁၂ ဦးရှိကြောင်းတွေ့ရှိရပါတယ်။ အဲဒီထဲက ဆေးရုံတက်ရောက်ကုသသူ ကိုးဦး ရှိခဲ့ပါတယ်။ အဲဒီကိုးဦးရဲ့ဝမ်းနမူနာတွေကို စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာ တစ်ဦးက ကာလဝမ်းရောဂါပိုးတွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ခဲ့ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ဆေးရုံအသီးသီးမှာ တက်ရောက်နေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာပြတဲ့ လူနာတွေကို ကာလဝမ်းရောဂါပိုး ရှိ / မရှိ စစ်ဆေးခဲ့ပါတယ်။ ဒီနေ့ထိတွေ့ရှိရတာကတော့ ဝိတိုရိယဆေးရုံမှာ တစ်ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လေးဦး စုစုပေါင်း ငါးဦး တွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ရှိခဲ့ပါတယ်။ ကျန်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာပြတဲ့သူတွေကတော့ ကာလဝမ်းရောဂါပိုး မတွေ့ရှိခဲ့ပါဘူး။

ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်ပွားတဲ့နေရာ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျူးကျော်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးက တာဝန်ရှိသူတွေ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့တွေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ အဲဒီနေရာမှာ အိမ်ခြေ ၁၆၆ လုံး၊ လူဦးရေ ၆၄၆ ဦး နေထိုင်ပြီး အများသုံးအိမ်သာက ၁၂ ခန်းသာရှိကြောင်းတွေ့ရပါတယ်။ ဒီဟာကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားစေတဲ့ အကြောင်းရင်းလို့ပဲ သုံးသပ်ရပါတယ်။ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး စောစောစီးစီးကုသပေးနိုင်ဖို့ အဲဒီနေရာမှာပဲ ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ကိစ္စတွေဖြစ်တဲ့ လမ်းဘေးစားသောက်ဆိုင်တွေကို ယာယီပိတ်ထားတာတွေ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းမှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ခုန ကျွန်တော်ပြောတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ဆေးရုံတက်ရောက်သူထဲမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူမရှိပါဘူး။ အဲဒီထဲက တစ်ဦးကတော့ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် မဟုတ်ဘဲနဲ့ နဂိုကတည်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအခံရှိလို့ သေဆုံးခဲ့ကြောင်း သိရပါတယ်။ ဒီရပ်ကွက်တွေကို သွားရောက်စစ်ဆေးပြီးတော့ ယာယီဆေးခန်းဖွင့်လှစ်ပြီး လူနာသစ်တွေလာရောက်ပြသမှု အခြေအနေတွေကို လက်ခံတာတွေ၊ တိုင်းဒေသကြီးက တာဝန်ရှိအဖွဲ့အစည်းတွေ၊ ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုအဖွဲ့အစည်းတွေ၊ Volunteer တွေကနေပြီး ရပ်ကွက်အတွင်း သန့်ရှင်းတဲ့ ရေရရှိရေး ကလိုရင်းဆေးခတ်တာတွေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်တာတွေ၊ ရေသန့်ဖြန့်ဝေတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် လူနာနေအိမ်တွေသွားရောက်ပြီး ရောဂါဗေဒဆိုင်ရာတွေကို စုံစမ်းထောက်လှမ်းတာတွေ၊ လူနာနဲ့အနီးကပ်ထိတွေ့သူတွေကို ကျန်းမာရေးပညာပေးတာတွေ၊ ပဋိဇီဝဆေးတွေတိုက်ကျွေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့ကလည်း သွားရောက်ကွင်းဆင်းစစ်ဆေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကူးစက်)ညွှန်ကြားရေးမှူးဦးစီးတဲ့ ဗဟိုတုံ့ပြန်ရေးအဖွဲ့စေလွှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြောချင်တာက ဝမ်းပျက်ဝမ်းလျှောရောဂါဆိုတာ မိုးဦးကာလမှာဖြစ်ပွားတတ်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်ပြီး သတိပြုဖွယ်ရာတွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လှုံ့ဆော်စာတွေထုတ်ပြန်ပေးလျက်ရှိပါတယ်။ ဒီလှုံ့ဆော်စာတွေ၊ တိုက်တွန်းချက်တွေ ကို သေချာဖတ်ပြီး ကြိုတင်ကာကွယ်တာတွေ၊ ကြိုတင်တားဆီးတာတွေ၊ လိုက်နာတာတွေဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကျဉ်းချုပ်အနေနဲ့ကတော့ ရေကိုကျိုချက်သောက်တာ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ညွှန်ကြားချက်အတိုင်း ကလိုရင်းဆေးခတ်ပြီး သောက်တာ၊ အစားအစာတွေကို သန့်ရှင်းစွာချက်ပြုတ်ပြီး ယင်မနားအောင် ဖုံးအုပ်ထားတာတွေ၊ယင်လုံအိမ်သာတွေအသုံးပြုဖို့ ဒါတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း အဆက်မပြတ် စောင့်ကြည့်ဆောင်ရွက်လျက်ရှိသလို ဒေသဆိုင်ရာအာဏာပိုင်များကလည်း အဆက်မပြတ်စောင့်ကြည့်အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များရဲ့ ရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးသတိပေးချက်လှုံ့ဆော်မှုတွေကို အတူလိုက်နာပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့မေတ္တာရပ်ခံလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ဆောင်ခဲ့သည့် "တောင်ဒဂုံစိုးကြီး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၈) ရပ်ကွက်နေ စိုးသီဟ(ခ)စိုးကြီးအား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

➤ စာမျက်နှာ ၂၄ မှ

ဦးဆောင်ဂိုးပေးလိုက်ရသည့် အင်္ဂလန်အသင်းသည် ချေပဂိုး ပြန်လည်ရရှိရေး ကြိုးစားခဲ့ပြီး ပွဲချိန် ၈၀မိနစ်တွင် ဒီကလန်ရိုက်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် ဆာကာက လှလှပပသွင်းယူကာ အင်္ဂလန်အသင်းအတွက် ချေပဂိုးပြန်လည်ရယူပေးသွားခဲ့သည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာ ထွက်ပေါ်နေခဲ့သည်။

အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေခြင်းကြောင့် အချိန်ပိုအား ဆက်လက်ယှဉ်ပြိုင်ကစားစေခဲ့သည်။ အချိန်ပိုပွဲချိန် မိနစ်၃၀တွင်လည်း နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက်ဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ်တွင် အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းအား ၅ဂိုး၊ ၃ဂိုးဖြင့် အနိုင်ရယူကာ ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**

### ယူရို ၂၀၂၄ ဥရောပဖလား ကွာတားဖိုင်နယ်ပွဲစဉ်

**နယ်သာလန် ၂ - ၁ တူရကီ**

**နယ်သာလန်အသင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်**

နယ်သာလန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဇူလိုင် ၁၁ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ ကြည့်ရှုစစ်ဆေး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံတို့သို့ သွားရောက်ပြီး မြစ်ကြီးနားခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ဘေးသင့်ခဲ့သူများအား ထောက်ပံ့ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ပေးပို့ထားသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့်၊ သိုလှောင်ရုံအတွင်း ပစ္စည်းများ သိုလှောင်ထားရှိမှု၊ ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံအတွင်း ပစ္စည်းများသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိပြီး သင်တန်းဖွင့်လှစ်ရန် စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ပေါ်ရှိ မြေမြင့်ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ဆန်ရိက္ခာ၊ ငါးသေတ္တာဘူး၊ အဝတ်အထည်၊ သွားတိုက်ဆေး၊ သွားတိုက်တံစသည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်၍ ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် သာသနာ့ရံသီ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားသောက်နေထိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတို့ကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

### အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းနှင့် မနောအိမ်တော်တို့သို့ ရောက်ရှိပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဗလမင်းထင် ဧက ၁၀၀ စံပြစိုက်ကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုအခြေအနေနှင့် ပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဆွစ်ဇာလန်ကို အနိုင်ယူပြီး အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့၊ ဒပ်ဆဲလ်ဒေါ့ဖ်ဘောလုံးကွင်းတွင် အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။



ဆွစ်ဇာလန်ကို အနိုင်ရယူပြီးနောက် အင်္ဂလန်အသင်းသားများ အောင်ပွဲခံနေစဉ်။

ယခုပွဲစဉ်သည် ဆီမီးဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သောကြောင့် နှစ်ဖက်အသင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ကစားခဲ့သလို၊ နှစ်ဖက်အသင်း ပြိုင်ပွဲကြည့်ရှုသူ ပရိသတ်များကလည်း ကွင်းလုံးပြည့်လျှံကာ တစ်ခဲနက်အားပေးခဲ့ကြသည်။ ပွဲစသည်နှင့် အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ နှစ်သင်းစလုံး ဂိုးမပေးရရေးအတွက် ခံစစ်ပိုင်းကို အာရုံစိုက်ကစားခဲ့ခြင်းကြောင့် ဂိုးရရှိရန် ခက်ခဲခဲ့ကြသည်။ ပထမပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ထိရောက်သောထိုးဖောက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် အင်္ဂလန်နှင့် ဆွစ်ဇာလန်တို့ နှစ်သင်းစလုံး ဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့ကြသည်။ ပွဲချိန် ၇၅မိနစ်တွင် ဆွစ်ဇာလန်အသင်းအတွက် ဦးဆောင်ဂိုးကို အမ်ဘိုလိုက ရယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၇ သို့ ➤